# Ministry Of Sports And Youth Affairs
# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
# သတင်းလွှာ

Monthly Newsletter | Volume 4, No.2 February 2026


## ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများ၊ 33rd SEA Games နှင့် 13th Asean Para Games ပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ





နေပြည်တော် ဖေဖော်ဝါရီ ၇

၂၀၂၅ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၈) ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲ၊ (၁၆) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ၊ ထိုင်းနိုင်ငံ၌ ကျင်းပသည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည့် အားကစားသမားမောင်မယ်များအား နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းဟူသည့် မင်္ဂလာတရားတော်နှင့်အညီ ကျင်းပသည့် မင်္ဂလာရှိသောအခမ်းအနားဖြစ်ပါကြောင်း။

### ဂုဏ်ယူဖွယ်ရာတွေ့ရှိရ

အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သည့် (၈) ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၂၄ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အနက် မြန်မာနိုင်ငံက အုပ်ချုပ်နည်းပြ နှစ်ဦး၊ အားကစားသမားအမျိုးသား သုံးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ရှစ်ဦး စေလွှတ်ပြီး Event ၁၆ မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါကြောင်း၊ ပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် ခုနစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၄ ခု ဆွတ်ခူးရရှိခဲ့ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခဲ့သည့် အားကစားသမား ခြောက်ဦးလုံး အနေဖြင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲကြီးတွင် တစ်ဦးမကျန် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ မလွတ်တမ်းဆွတ်ခူးနိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်ရာ တွေ့ရှိရပါကြောင်း။

အလားတူ အင်ဒိုနီးရှားနိုင်ငံ ဘန်တန်ကျွန်းတွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပခဲ့သည့် (၁၆) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၃၄ နိုင်ငံအနက် မြန်မာနိုင်ငံက အုပ်ချုပ်နည်းပြ သုံးဦး၊ အားကစားသမားအမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦး စုစုပေါင်း ခုနစ်ဦး စေလွှတ်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု စုစုပေါင်းဆုတံဆိပ် ငါးခုဆွတ်ခူးရရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်ခဲ့သည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၃၈ နည်းတွင် အုပ်ချုပ်နည်းပြ၊ အားကစားသမား ၆၉၈ ဦး၊ ပင်မအုပ်ချုပ်မှုအဖွဲ့ ၉၁ ဦး စုစုပေါင်း ၇၈၉ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါကြောင်း၊ ရွှေတံဆိပ်သုံးခုအပါအဝင် ဆုတံဆိပ် ၇၂ ခုနှင့် နိုင်ငံအလိုက် အဆင့် (၇) ရယူပေးနိုင်ခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၃ ခုနှစ်က ကျင်းပခဲ့သည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ အနေဖြင့်



စာမျက်နှာ ၂ သို့ ►

မျက်နှာဖုံးမှ အဆက် ►





အားကစားနည်း ၁၉ နည်းတွင် အားကစားသမား ၃၄၁ ဦး၊ အုပ်ချုပ်နည်းပြ ၁၀၄ ဦး၊ စုစုပေါင်း ၄၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၂၁ ခုအပါအဝင် စုစုပေါင်းဆုတံဆိပ် ၁၁၄ ခု ရရှိခဲ့ကြပြီး နိုင်ငံအလိုက် အဆင့် (၈) သာ ရရှိခဲ့ပါကြောင်း၊ ယခု (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံအလိုက် အဆင့် (၇) ကို ရရှိခဲ့ခြင်းကြောင့် ဝမ်းမြောက်ကြောင်း ပြောကြားလိုပါကြောင်း၊ သို့သော် ဆုတံဆိပ်ရရှိမှုတွင် နည်းလာသည်ကို တွေ့ရသည့်အတွက် လာမည့်ပြိုင်ပွဲများတွင် ယခုထက်အောင်မြင်မှုရအောင် ပိုမို ကြိုးစားကြရန် မှာကြားလိုပါကြောင်း။ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားနည်း ၃၈ နည်းအနက် ခြင်းလုံးအားကစားနည်းနှင့် ဘိလိယက်နှင့်စနူကာအားကစားနည်း နှစ်ခုတွင် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်ခုနစ်ခု ရရှိခဲ့ပါကြောင်း၊ ကျန် အားကစားနည်း ၃၆ ခုအနက် အားကစားနည်း ၁၆ ခုတွင် ငွေတံဆိပ် ၁၇ ခုနှင့် ကြေးတံဆိပ် ၄၁ ခုရရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ငွေတံဆိပ်ရရှိခဲ့ကြသည့် အားကစားနည်းများသည် ဗိုလ်လုပွဲအဆင့်အထိ တက်ရောက်နိုင်ခဲ့ပြီး ရွှေတံဆိပ်မရရှိခဲ့ကြသော်လည်း နိုင်ငံတော်အတွက် အမြင့်ဆုံးအဆင့်အထိ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားခဲ့ကြသည်ကို တွေ့ရှိခဲ့ရသည့်အတွက် အားရကျေနပ်စရာကောင်းပါကြောင်း၊ တချို့ပြိုင်ပွဲများတွင် တစ်ဖက်ပြိုင်ဘက်အသင်းနှင့် အစွမ်းအစသိပ်မကွာဘဲ တန်းတူယှဉ်ပြိုင်နိုင်သော်လည်း အနိုင်မရရှိခဲ့ခြင်းသည် မည်သည့်အတွက်ကြောင့်ဆိုသည့် အားနည်းချက်ကိုရှာဖွေပြီး ဆက်လက်ဆောင်ရွက်သွားကြမည်ဆိုပါက ယခုထက်အောင်မြင်မှုများ ပိုရနိုင်လိမ့်မည်ဟု သုံးသပ်မိပါကြောင်း။

၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ထိုင်းနိုင်ငံ၌ ကျင်းပပြီးစီးခဲ့သည့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၁ ခု၊ အားကစားသမား ၉၇ ဦး၊ အုပ်ချုပ်နည်းပြ ၄၇ ဦး၊ ဒိုင်လူကြီးတစ်ဦးအပါအဝင် စုစုပေါင်း ၁၄၅ ဦးတို့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါကြောင်း၊ ပြိုင်ပွဲတွင် ရွှေတံဆိပ် ၂၀ ခု၊ ငွေတံဆိပ် ၁၉ ခု၊ ကြေးတံဆိပ် ၂၀ ခု စုစုပေါင်းဆုတံဆိပ် ၅၉ ခု ရရှိပြီး ပြိုင်ပွဲဝင် (၁၁) နိုင်ငံအနက်



အဆင့် (၆) ဖြင့် အောင်မြင်မှုရရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း။

၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေ ၁၅ ခု အပါအဝင် စုစုပေါင်း ဆုတံဆိပ် ၅၇ ခုရရှိပြီး နိုင်ငံအလိုက်အဆင့် (၆) ရရှိခဲ့သည်ကိုတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယခု (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် ယခင်အကြိမ်ကထက် ရွှေတံဆိပ်ငါးခု ပိုမိုဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ဆုတံဆိပ်အရေအတွက် နှစ်ခုပိုမိုဆွတ်ခူးရရှိခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ကြိုးစားယှဉ်ပြိုင်မှုနှင့် အောင်မြင်မှုများကို ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်က ပြိုင်ပွဲယှဉ်ပြိုင်နေစဉ်ကာလအတွင်း ရွှေတံဆိပ်တစ်ခုရရှိပါက အမေရိကန်ဒေါ်လာ ၃၀၀၊ ငွေတံဆိပ်တစ်ခုရရှိပါက အမေရိကန်ဒေါ်လာ ၂၀၀၊ ကြေးတံဆိပ် တစ်ခုရရှိပါက အမေရိကန်ဒေါ်လာ ၁၀၀ ချက်ချင်းချီးမြှင့်ခဲ့ပါကြောင်း။

ယင်းပြိုင်ပွဲမှတ်တမ်းများအရ မြန်မာနိုင်ငံကမသန်စွမ်း အားကစားသမားများသည် မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများဖြစ်ပြီး နိုင်ငံ၏ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြသူများဖြစ်သည်ဟု မှတ်တမ်းတင်ဂုဏ်ပြုပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်တစ်ခုတည်းကပဲ အားကစားနည်း ၁၁ နည်းကို ဝင်ရောက်ယှဉ်ပြိုင်ရန် စီမံဆောင်ရွက်ရာတွင် ပြိုင်ပွဲတိုင်း မျှော်မှန်းဆုတံဆိပ်များ ဆွတ်ခူးရရှိပြီး နိုင်ငံအလိုက် အဆင့် (၆) ရရှိခြင်းသည် အားကစားတိုးတက်ရန် အဖွဲ့ချုပ်များ၏ အခန်းကဏ္ဍသည် ပိုမိုအရေးပါသည် ဆိုသည်မှာ သိသာထင်ရှားပါကြောင်း။

အလေးထားကြိုးစားဆောင်ရွက် မသန်စွမ်းအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်း ၁၁ နည်းအနက် ပြေးခုန်ပစ်၊ ရေကူးနှင့် ဘော်လီဘောအားကစားနည်းတို့မှ ရွှေတံဆိပ် ၂၀ ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ ဘောလုံးအားကစားနည်းတို့က ငွေတံဆိပ် ၁၉ ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ စစ်တုရင်၊ စားပွဲတင်တင်းနစ်၊ အလေးမနှင့် ဂိုးလ်ဘောအားကစားနည်းတို့က ကြေးတံဆိပ် ၂၀ ရရှိခဲ့ပါကြောင်း၊ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ကရရှိခဲ့သည့် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များသည် အိုလံပစ်အားကစားနည်းများဖြစ်သည့် ပြေးခုန်ပစ်၊ ရေကူး၊ ဘော်လီဘောစသည့် အားကစားနည်းများဖြစ်သည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် နောက်ထပ်အဆင့် တစ်ခုတိုးတက်ရန်အတွက် ရေကူး၊ ပြေးခုန်ပစ်ကဲ့သို့ အိုလံပစ်အားကစားနည်းများကို မဖြစ်မနေပြန်လည်ဦးမော့အောင် အလေးထား ကြိုးစားဆောင်ရွက်ကြရန် သက်ဆိုင်သူများအားလုံးကို တိုက်တွန်းမှာကြားလိုကြောင်း။

ယခုကဲ့သို့ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များရယူပေးနိုင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်းသံလွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့သူများလည်းဖြစ်ကြ



စာမျက်နှာ ၃ သို့ ►

စာမျက်နှာ ၂ မှအဆက်





ပါကြောင်း၊ ထို့ကြောင့် အုပ်ချုပ်သူနည်းပြများအပါအဝင် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များကို ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ရခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် လာမည့် ၂၀၂၇ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၄) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံအနေဖြင့် အဆင့်မီမီဖြင့် ဆုတံဆိပ်များရရှိရန် ယှဉ်ပြိုင်နိုင်ရေး ကြိုတင်ပြင်ဆင်လေ့ကျင့်ထားကြရန် မှာကြားလိုပါကြောင်း၊ ထိုသို့ပြင်ဆင်ရာတွင် ချက်ချင်းရွှေတံဆိပ်ရနိုင်သည့် အားကစားနည်းများနှင့် ရွှေတံဆိပ်မရနိုင်သေးသော်လည်း ရေရှည်ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရမည့် အားကစားနည်းများကိုခွဲခြားပြီး စနစ်တကျ စီမံချက်ရေးဆွဲဆောင်ရွက်ရန်နှင့် နှစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ် ဆောင်ရွက်ထားရှိမှုများကို သုံးသပ်ပြင်ဆင်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များက တာဝန်ယူဆောင်ရွက်ရမည့်အပိုင်းများကို သေချာစွာခွဲခြားသိမြင်ပြီး နိုင်ငံတော်က ဖြည့်ဆည်းတာဝန်ယူဆောင်ရွက်ပေးရမည့် အပိုင်းကိုလည်း အချိန်မီတင်ပြသွားကြရန် လိုအပ်ကြောင်း။

ထို့ပြင် ပြည်တွင်း၌ကျင်းပသည့် အားကစားပြိုင်ပွဲများတွင် လူငယ်မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ထွက်ပေါ်ရေး၊ နည်းပြများ၊ ဒိုင်၊ ဂျူရီများကို ခေတ်နှင့်အညီ Update ဖြစ်သည့် သင်တန်းများ တက်ရောက်နိုင်ရေး၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များကလည်း အရှေ့တောင်အာရှအားကစားအဖွဲ့ချုပ် အပါအဝင် နိုင်ငံတကာ အားကစားအဖွဲ့အစည်းများတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဝင်ဆံ့နိုင်ရေးကိုလည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ခေတ်သည် သိပ္ပံခေတ်၊ AI ခေတ်ဖြစ်သည်နှင့်အညီ Sport Scientist, Sport Nutritionist, Sport Psychologist စသည့် ပညာရှင်များအပါအဝင် အားကစားသုတေသီများ ပေါ်ထွက်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အားကစားအဖွဲ့ချုပ်များအနေဖြင့် ပြည်တွင်းနည်းပြများကို မိမိတို့၏မိတ်ဖက်နိုင်ငံများတွင် အားကစားသင်တန်းများ တက်ရောက်နိုင်ရေး၊ နှစ် နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ် အားကစားပြိုင်ပွဲများ အပြန်အလှန်စေလွှတ်ယှဉ်ပြိုင်နိုင်ရေး ဆက်လက်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နောင်ကျင်းပပြုလုပ်မည့် ကမ္ဘာ့အဆင့်၊ အာရှအဆင့် အားကစားပြိုင်ပွဲများ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ၊ အာဆီယံဒေသတွင်း အားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ယခုထက်ပိုမိုရရှိပြီး နိုင်ငံ့ဂုဏ်ကို အားကစားဖြင့်မြှင့်တင်နိုင်ရေး၊ လူငယ်လူရွယ်တိုင်းအားကစားကို စိတ်ပါဝင်စားပြီး လေ့လာလိုက်စားရာမှတစ်ဆင့် ပြိုင်ပွဲဝင်နိုင်သည်အထိ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေးနှင့် အရှေ့တောင်အာရှအဆင့်မှသည် အာရှအဆင့်၊ ကမ္ဘာ့အဆင့်အထိ ထိုးဖောက်နိုင်အောင် ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းလိုကြောင်းပြောကြားသည်။

**ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်**

ထို့နောက် (၈) ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲ၊ (၁၆) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည့် အားကစားသမားမောင်မယ်များအား နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက (၈) ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံရှစ် ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုရရှိခဲ့ကြသည့် မမေဟန်နီအောင်လွင်နှင့် မနှင်းသက်ဝေ၊ (၁၆) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ၊ Men Bodybuilding 75 kg ပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ခု ရရှိခဲ့သည့် မောင်ရဲထွန်းနောင်၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ခြင်းလုံးအားကစားနည်းတွင် အမျိုးသားအသင်းလိုက် Event-3 ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုရရှိခဲ့သည့် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းလိုက် Event-3 ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုရရှိခဲ့သည့် အမျိုးသမီးအသင်း၊ ဘိလိယက်နှင့် စနူကာအားကစားနည်းတွင် ဘိလိယက်အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ခုရရှိခဲ့သည့် ဘိလိယက်အမျိုးသား အသင်း၊ (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ရေကူးအားကစားနည်းတွင် မီတာ ၂၀၀ အလွတ်ကူး၊ မီတာ ၅၀ ရင်ပေါင်တန်းကူး၊ မီတာ ၅၀ အလွတ်ကူး၊ မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ လေးမျိုးလုံး၌ ရွှေတံဆိပ်လေးခုရရှိသည့် မောင်ညီညီလင်းထက်၊ မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုရရှိခဲ့သည့် မောင်နန္ဒစိုးမင်း၊ အလွတ်ကူးပြိုင်ပွဲများတွင် ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခုရရှိခဲ့သည့် ဒုတိယတပ်ကြပ်စိုးဝင်း၊ ရင်ပေါင်တန်းကူးပြိုင်ပွဲများတွင် ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခုရရှိခဲ့သည့် မောင်မင်းထူး၊ မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် မီတာ ၂၀၀ အလွတ်ကူး ပြိုင်ပွဲတွင် ကြေးတံဆိပ်နှစ်ခုရရှိခဲ့သည့် မောင်အောင်မြင့်မြတ်၊ ပြေးခုန်ပစ်အားကစားနည်းတွင် သံလုံးပစ်နှင့် လှံတံပစ်ပြိုင်ပွဲတို့၌ ရွှေတံဆိပ်နှစ်ခုရရှိခဲ့သည့် ဒုတိယအရာခံဗိုလ် တင်ညို၊ မီတာ ၄၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ မီတာ ၂၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ မီတာ ၁၀၀ ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုရရှိခဲ့သည့် မောင်အောင်မြင့်ဌေး၊ မီတာ ၂၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုရရှိသည့် တပ်ကြပ်ကြီး စိုးပေ၊ သံပြားပစ်နှင့် သံလုံးပစ်ပြိုင်ပွဲတို့တွင်



စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှအဆက် ▶





ရွှေတံဆိပ်နှစ်ခုရရှိခဲ့သည့် မထက်ထက်အေး၊ သံပြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ သံလုံးပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုရရှိခဲ့သည့် တပ်ကြပ်ရဲမင်းစိုး၊ လှံတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခုရရှိသည့် ဒုတပ်ကြပ် (ငြိမ်း) စိုးသန်း၊ အလျားခုန်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ မီတာ ၁၀၀ ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုရရှိခဲ့သည့် မနန်းစန်းရတနာထွန်း၊ သံလုံးပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ လှံတံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုရရှိခဲ့သည့် မစိန်ဖော့၊ လှံတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ သံလုံးပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုရရှိခဲ့သည့် မောင်စည်သူထက်၊ ထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက (၈) ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ငွေတံဆိပ်ငါးခုရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့၊ (၁၆) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ် တစ်ခု ရရှိခဲ့သည့် မဇူးဇူးသန့်၊ ငွေတံဆိပ် တစ်ခုရရှိခဲ့သည့် မောင်ချမ်းမြေ့ထွန်း၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဘိလိယက်နှင့်စနူကာ အားကစားနည်းတွင် ငွေတံဆိပ်တစ်ခုရရှိခဲ့သည့် ဦးပေါက်စ၊ ကနူး/ကယက်လှေအားကစားနည်းတွင် အသင်းလိုက် ငွေတံဆိပ်နှစ်ခုရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့၊ ငွေတံဆိပ်တစ်ခုရရှိခဲ့သည့် မောင်မျိုးလှိုင်ဝင်းနှင့် ကြေးတံဆိပ် တစ်ခုရရှိခဲ့သည့် မပိုပိုအောင်၊ ပိုက်ကျော်ခြင်းအားကစားနည်းတွင် အသင်းလိုက် ငွေတံဆိပ်နှစ်ခုရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့၊ ငွေတံဆိပ်တစ်ခုရရှိခဲ့သည့် လေးယောက်တွဲ (အမျိုးသားအသင်း)၊ အပြည်ပြည်ဆိုင်ရာလှေအားကစားနည်းတွင် ငွေတံဆိပ်တစ်ခု ရရှိခဲ့သည့် မောင်ဝေယံမိုး၊ ကြေးတံဆိပ် တစ်ခုရရှိခဲ့သည့် မနီလာဝင်းတို့အား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများက နိုင်ငံ့ဂုဏ်ဆောင်ဆုရ အားကစားသမားများ၊ အုပ်ချုပ်မှုအဖွဲ့နှင့်နည်းပြများကို ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်ရ အားကစားသမားများကိုယ်စား (၁၆) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုရရှိခဲ့သည့် မောင်ရဲထွန်းနောင်က ကျေးဇူးတင်စကားပြောကြားသည်။

**ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

နိုင်ငံတော်အနေဖြင့် ပြိုင်ပွဲအသီးသီးတွင် အားကြိုးမာန်တက်ယှဉ်ပြိုင်ပြီး တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့သူများကို ကျပ်သိန်း ၃၀၀၊ ငွေတံဆိပ်ရရှိခဲ့သူများကို ကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်ရရှိခဲ့သူများကို ကျပ်သိန်း ၁၀၀၊ အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့ကြသည့် အသင်းသားတစ်ဦးကို ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ကြသည့် အသင်းသားတစ်ဦးကို ကျပ်သိန်း ၇၀၊ ကြေးတံဆိပ်ရရှိခဲ့ကြသည့် အသင်းသားတစ်ဦးကိုကျပ် ၃၅ သိန်း၊ အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် နည်းပြများကို မိမိတို့အားကစားနည်းအလိုက် ရွှေတံဆိပ်ရရှိခဲ့ပါက နည်းပြတစ်ဦးကို ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ပါက ကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ရရှိခဲ့ပါက ကျပ်သိန်း ၃၀ စီနှင့် အားကစားနည်း အလိုက် အုပ်ချုပ်မှုအဖွဲ့များကိုလည်း ရွှေတံဆိပ်ရရှိခဲ့ပါက ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ် ရရှိခဲ့ပါက ကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ရရှိခဲ့ပါက ကျပ်သိန်း ၃၀ စီ ချီးမြှင့်ပေးလျက်ရှိပြီး ယနေ့ကျင်းပပြုလုပ်သည့် (၈) ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲ၊ (၁၆) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၃) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် မြန်မာအားကစားအဖွဲ့များအနေဖြင့် ရွှေတံဆိပ် ၂၆ ခု၊ ငွေတံဆိပ် ၄၇ ခု၊ ကြေးတံဆိပ် ၇၇ ခု စုစုပေါင်း ဆုတံဆိပ် ၁၅၀ ရရှိခဲ့သည့်အတွက် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် ပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိအောင်စွမ်းဆောင်ပေးခဲ့သည့် အုပ်ချုပ်/နည်းပြအဖွဲ့ ၂၈ ဖွဲ့တို့အတွက် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေမှာ စုစုပေါင်းငွေကျပ်သိန်းပေါင်း ၃၆၆၉၀ ဖြစ်ကြောင်း သတင်းရရှိသည်။

---

အောင်မြင်မှုအခြေခံ “စ” ခုနစ်လုံးဆောင်ရန်
စိတ်ဓာတ်၊ စည်းကမ်း၊
စွမ်းအား၊ စည်းလုံးမှု
စံချိန်၊ စံညွှန်း၊ စံနှုန်း

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နဝမအကြိမ် မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း၏ အသင်းသားစုံညီတွေ့ဆုံပွဲ အခမ်းအနားသို့တက်ရောက်






ရန်ကုန်၊ ဖေဖော်ဝါရီ ၁

နဝမအကြိမ် မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများ အသင်း၏ အသင်းသားစုံညီတွေ့ဆုံပွဲ အခမ်းအနားကို ယမန်နေ့ နံနက် (၁၀:၀၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးအေးမြင့်ကြူ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်း နာယက မြန်မာ့ရေကူးလက်ရွေးစင်ဟောင်း ဝဏ္ဏကျော်ထင် ဒေါက်တာနန္ဒကျော်စွာ၊ မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်းဥက္ကဋ္ဌ၊ မြန်မာ့ဘောလုံးလက်ရွေးစင်ဟောင်း ဝဏ္ဏကျော်ထင် ဦးအေးမောင်ကြီး၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အလှူရှင်များ တက်ရောက်ခဲ့သည်။

ဦးစွာ အစီအစဉ်အရ မြန်မာနိုင်ငံတော်သီချင်းနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုခဲ့ပြီး မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအဖွဲ့မှ ပွဲတိုင်းကျော် သီချင်းအားသံပြိုင်သီဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့ပြီးနောက် ကွယ်လွန်သွားကြလေပြီဖြစ်သော မြန်မာ့လက်ရွေးစင်ဟောင်းများအားလွမ်းဆွတ်ခြင်း အထိမ်းအမှတ်အနေဖြင့် (၁) မိနစ် ငြိမ်သက်စွာ ဂါရဝပြုခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်းကို ၂၀၁၄ ခုနှစ်တွင် စတင်ဖွဲ့စည်းနိုင်ခဲ့ပြီး သက်တမ်း (၁၂) နှစ်အတွင်း အသင်းသားစုံညီတွေ့ဆုံပွဲကို ကျင်းပနိုင်ခဲ့ခြင်းသည် နဝမအကြိမ်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအားကစားလောကတိုးတက်အောင်မြင်စေရေး၊ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများ ချစ်ခင်ညီညွတ်စွာစုစည်း၍ အချင်းချင်းလူမှုရေးလိုအပ်ချက်များ၊ အခက်အခဲများကို ကူညီစောင့်ရှောက်ပေးနိုင်စေရေး၊ နိုင်ငံတော်၏ အားကစားဆိုင်ရာ အရေးကိစ္စများတွင် တတ်နိုင်သည့်အခန်းကဏ္ဍမှ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်စေရေးတို့အတွက်ရည်ရွယ်ပြီး မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်းကို ဖွဲ့စည်းရခြင်းဖြစ်ပါကြောင်း၊ လက်ရွေးစင်အားကစားသမားဟောင်းအင်အား (၄၄၄) ဦးခန့်သည် အသင်းနှင့်ဆက်သွယ်ပြီး အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာကြသည်ကို သိရှိခဲ့ရသည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ နှစ်စဉ်ကျင်းပပြုလုပ်ခဲ့သည့် အသင်းသားများနှင့် စုံညီတွေ့ဆုံပွဲအခမ်းအနားတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ လှူဒါန်းငွေအပြင် အားကစားဝတ်စုံ Sport Shirt နှင့် အနွေးဝတ်စုံ Track Suit များကိုလည်း ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအနေဖြင့် မြန်မာ့အားကစားလောက တိုးတက်မြင့်မားရေး ကိစ္စများကို တစ်ဖက်တစ်လမ်းမှ တက်တက်ကြွကြွဖြင့် ကူညီဆောင်ရွက်ပေးနေမှုများကို ယခုထက်ပိုမို ဆောင်ရွက်ပေးနိုင်ပါရန်နှင့် အကြံပြုချက်များ၊ ဆွေးနွေးချက်များကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနသို့ ပေးပို့ပေးသွားပါရန် ဖိတ်ခေါ်အပ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ဦးအေးမြင့်ကြူနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း ဥက္ကဋ္ဌ၊ မြန်မာ့ဘောလုံးလက်ရွေးစင်ဟောင်း ဝဏ္ဏကျော်ထင် ဦးအေးမောင်ကြီးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ အသီးသီးပြောကြားခဲ့ပြီးနောက် မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်းသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ လှူဒါန်းသည့် ငွေကျပ်သိန်း(၃၀၀)ကို မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းငွေကျပ် သိန်း(၂၀၀)ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်ကလည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှလှူဒါန်းငွေကျပ် (၁၀)သိန်း၊ အားကစားဝတ်စုံ Sport Shirt (၂၅၀)ထည်နှင့် အနွေးဝတ်စုံ Track Suit (၂၅) စုံတို့ကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးအေးမြင့်ကြူက လှူဒါန်းငွေကျပ်(၂) သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ်များ၊ မြန်မာ့လက်ရွေးစင်ဟောင်းများ၊ လက်ရွေးစင် အားကစားသမားများ၊


စာမျက်နှာ ၆ သို့ ►

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် နဝရတ် အားကစားခန်းမဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်






ရန်ကုန်၊ ဖေဖော်ဝါရီ ၂

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် နဝရတ် အားကစားခန်းမ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ် နဝရတ်အားကစားခန်းမ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီမှတာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ အကြီးအကဲပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ခဲ့သည်။

ဦးစွာ အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ မင်္ဂလာဒုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြတ်သူ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းတို့က နဝရတ်အားကစားခန်းမအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ရွှေပြည်သာမြို့နယ် နဝရတ်အားကစားခန်းမ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပြီး ကမ္ဗည်းမော်ကွန်းအား အမွှေးနံ့သာရေများ ပက်ဖြန်းပေးခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့်အားကစားခန်းမ၌ လူငယ်လူရွယ်များအနေဖြင့် အားကစားလေ့ကျင့်မှုများ စဉ်ဆက်မပြတ်စေဘဲ အားကစားကဏ္ဍ အသက်ဝင်နေစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် တိုင်းကြီးတစ်ခုဖြစ်ပြီး မြန်မာ့လက်ရွေးစင် အားကစားသမားများစွာကို မွေးထုတ်ပေးနိုင်ခဲ့ပြီး အစဉ်အလာကောင်းသည့် တိုင်းဒေသကြီးတစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ယခုလို အောင်မြင်မှုမျိုး ရရှိခဲ့ခြင်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တိုင်းဒေသကြီးတစ်ခုလုံးနယ်ပယ်စုံ၊ ကဏ္ဍစုံဖြင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်ပေးခဲ့မှုများကြောင့် ယခုလို အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများတွင်လည်း ယခင်နှစ်များထက် ပိုမိုအောင်မြင်မှုများ ရရှိအောင်အစွမ်းကုန်ကြိုးစား၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးအတွက် ဆက်လက်၍ ဝိုင်းဝန်းပံ့ပိုးထောက်ပံ့ပေးသွားရန် တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် ယခုလိုဘက်စုံသုံး အားကစားခန်းမကြီး ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် အားကစားအောင်မြင်မှုဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်

စာမျက်နှာ ၇ သို့ ►

စာမျက်နှာ ၅ မှအဆက် ►

MNL ဘောလုံးအသင်းများမှ လှူဒါန်းငွေများကို လည်းကောင်း၊ လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် (၉၀၉) သိန်းကို အသီးသီး ပေးအပ်လှူဒါန်းခဲ့ရာ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများ အသင်းဥက္ကဋ္ဌ မြန်မာ့ဘောလုံးလက်ရွေးစင်ဟောင်း ဝဏ္ဏကျော်ထင် ဦးအေးမောင်ကြီးနှင့် မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်းနာယကများက လက်ခံယူခဲ့ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်းနာယက မြန်မာ့ရေကူးလက်ရွေးစင်ဟောင်း ဝဏ္ဏကျော်ထင်ဒေါက်တာနန္ဒကျော်စွာက ကျေးဇူးတင်စကားပြန်လည် ပြောကြား၍ အမှတ်တရမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ပြီးနောက် အခမ်းအနားတက်ရောက်လာကြသူများကို နေ့လည်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

# 33rd SEA Games တွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားအသင်းအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ





နေပြည်တော် ဖေဖော်ဝါရီ ၁၀

၂၀၂၅ ခုနှစ်၊ ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် 33rd SEA Games ပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားအသင်းအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ညတွင် နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ ဒုတိယဥက္ကဋ္ဌများ၊ အလှူရှင်များနှင့်တာဝန်ရှိသူများ၊ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားအဖွဲ့မှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းဟူသည့် မင်္ဂလာတရားတော်နှင့်အညီ ကျင်းပသည့် မင်္ဂလာရှိသော အခမ်းအနားဖြစ်ပါကြောင်း၊ 33rd SEA Games တွင် ဂျူဒိုအားကစားနည်းအနေဖြင့် ငွေတံဆိပ် (၁)ခုနှင့် ကြေးတံဆိပ် (၃) ခု ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့်အတွက် ယခုလို ဂုဏ်ပြုချီးမြှင့်ပေးခြင်းဖြစ်ကြောင်း၊ မြန်မာဂျူဒို

စာမျက်နှာ ၈ သို့ ►

စာမျက်နှာ ၆ မှအဆက် ►

ဂုဏ်ဆောင်နိုင်သည့် အနာဂတ် မျိုးဆက်သစ်လက်ရွေးစင် အားကစားသမားကောင်းများ ပေါ်ထွက်လာအောင် မွေးထုတ်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ မြို့မိမြို့ဖများ အားကစားကော်မတီဝင်များနှင့် ဒေသခံပြည်သူများအနေဖြင့် နဝရတ်အားကစားခန်းမကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ခြင်း၊ အားကစားခန်းမ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ အားကစားကဏ္ဍဘက်စုံဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများနှင့် နွေရာသီအားကစားသင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်နိုင်ရေး အားကစား လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ ကျွမ်းကျင်နည်းပြများနှင့် ချိတ်ဆက်၍ အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်သွားကြစေလိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အားကစားအောင်မြင် တိုးတက်ရန်အတွက် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီး အားကစားဆပ်ကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ကြိုးစားအားထုတ်မှု အချိန်နှင့်တစ်ပြေးညီ ဟန်ချက်မပျက်စေဘဲ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမှသာ တိုင်းဒေသကြီးဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က နဝရတ်အားကစားခန်းမ ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်အားပေးအပ်ခဲ့ရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ နာယက၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က အသီးသီးလက်ခံရယူခဲ့သည်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ် နဝရတ်အားကစားခန်းမအား တည်ဆောက်သည့် Sun Ahlin Thit Co,Ltd မှ တာဝန်ရှိသူက စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းမှ လက်ခံရယူခဲ့ပြီးနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ နာယက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က အထက (၂) လှိုင်သာယာမှ ဘင်ခရာနှင့်ပန်းပွားအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် သရုပ်ပြအားကစားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၅ သိန်းတို့အား ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် မြန်မာ့သိုင်း၊ အေရိုးဗစ်နှင့် ဝုရှုးအားကစားအဖွဲ့များက အားကစားနည်းများအလိုက် သရုပ်ပြဖျော်ဖြေခဲ့ကြပြီးနောက် မြန်မာ့သိုင်းသရုပ်ပြအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီဥက္ကဋ္ဌ ဒေါ်သီတာခိုင်က ငွေကျပ် ၄ သိန်းအားလည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ သရုပ်ပြအဖွဲ့များအား တစ်ဖွဲ့လျှင်ငွေကျပ် ၂ သိန်းစီတို့အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီ (ပညာရေးကော်မတီ) ဒေါ်ဇင်နီမြင့် U.T.S ကိုယ်ပိုင်အထက်တန်းကျောင်း ရွှေပြည်သာမြို့နယ်တို့က သရုပ်ပြအဖွဲ့များအား တစ်ဖွဲ့လျှင် ငွေကျပ် ၁ သိန်းစီနှင့် စုစုပေါင်း ငွေကျပ် ၃ သိန်းစီတို့အား အသီးသီးထပ်ဆောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားအား စည်းကားသိုက်မြိုက်စွာကျင်းပ





နေပြည်တော်၊ ဖေဖော်ဝါရီ ၁၀

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား မြန်မာရိုးရာယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာများနှင့်အညီ ဘာသာရေးပွဲတော်များနှင့် ပျော်ပွဲရွှင်ပွဲများတွင် တက်ညီလက်ညီ အတူတကွ ပူးပေါင်းပါဝင်လာစေရေး၊ မြန်မာတို့၏ ဓလေ့၊ ရိုးရာယဉ်ကျေးမှု အစဉ်အလာကိုမြတ်နိုးထိန်းသိမ်းစောင့်ရှောက်တတ်စေရေး၊ ဝန်ထမ်းများအချင်းချင်း ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အပြန်အလှန်ညီညွတ်စွာဖြင့် အသင်းအဖွဲ့စိတ်ဓာတ်ကို အရင်းခံပြီး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်း ဆောင်ရွက်တတ်စေရေး၊ စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကို ပြသနိုင်စေရေးတို့အတွက် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများ၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယမန်နေ့ညနေပိုင်းတွင် နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ အိုးစည်၊ ဒိုးပတ်၊ သံချပ်၊ အကများနှင့် စည်းကားသိုက်မြိုက်စွာဖြင့် ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ

စာမျက်နှာ ၉ သို့ ►

စာမျက်နှာ ၇ မှအဆက် ►

အားအစားအဖွဲ့ချုပ် စတင်တည်ထောင်သည့် ၁၉၆၅ ခုနှစ်မှ ယနေ့အထိ နိုင်ငံတကာ အားကစားပြိုင်ပွဲများနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်(၃၅)ခု၊ ငွေတံဆိပ် (၇၃)ခု၊ ကြေးတံဆိပ်(၉၄)ခု၊ စုစုပေါင်း ဆုတံဆိပ်(၂၀၂)ခု ဆွတ်ခူးရယူပေးနိုင်ခဲ့ကြသည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ယခုလို အောင်မြင်မှုများ ရရှိစေရန်အတွက် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်အနေဖြင့် ဂျပန်နည်းပြကို ငှားရမ်းလေ့ကျင့်စေခဲ့သည့်အပြင် အားကစားသမားများအား နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံများ ရရှိစေရန်အတွက် နှစ်စဉ်နိုင်ငံတကာတွင် ကျင်းပသည့် ဖိတ်ခေါ်ပြိုင်ပွဲများနှင့် သက်တမ်းအလိုက်ကျင်းပသည့် ပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေခဲ့သည်ကို တွေ့ရှိခဲ့ရသည့်အတွက် အဖွဲ့ချုပ်မှဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို မှတ်တမ်းတင် ဂုဏ်ပြုကျေးဇူးတင်ရှိပါကြောင်း၊ အားကစားအောင်မြင်မှုရရှိအောင် လုပ်ဆောင်နိုင်သည်မှာ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား သုံးဦး သုံးဖလှယ် သဟဇာတဖြစ်ပြီး တစ်သားတည်းဖြစ်မှသာ အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဂျူဒိုအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများအနေဖြင့် နောက်လာမည့် ပြိုင်ပွဲများတွင် ဂျူဒိုအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ပြီး အောင်မြင်မှုဆုတံဆိပ်များရရှိအောင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ပိုမိုကြိုးစားအားထုတ်သွားရန် တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်ပြီး 33rd SEA Games အောင်နိုင်ရေးအတွက် ငွေကျပ်သိန်း ၇၀၀ ပေးအပ်လှူဒါန်းခဲ့သည့် အောင်မြန်မာဟိန်း ကုမ္ပဏီလီမိတက်မှ ဦးရဲမင်းသူကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က လည်းကောင်း၊ 33rd SEA Games ဂုဏ်ပြုပွဲအခမ်းအနားတွင် ဂုဏ်ပြုဆုချီးမြှင့်ရန်အတွက် ငွေကျပ် သိန်း ၁၀၀ စီ တို့ကို ပေးအပ်လှူဒါန်းခဲ့သည့် သိရောမဏိကုမ္ပဏီလီမိတက်နှင့် မဟာရွှေဇမ္ဗူကုမ္ပဏီလီမိတက်မှ ဒေါက်တာဇော်ထွန်းနိုင်နှင့် စီးပွားရေးလုပ်ငန်းရှင်ဦးလောတီတို့ကို ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်တို့ကလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများအား အသီးသီးပြန်လည်ပေးအပ်ခဲ့သည်။

ယင်းနောက် အမျိုးသမီး(–၇၈)ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် အေးအေးအောင်အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း(၈၀)ကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ကလည်းကောင်း၊ အမျိုးသား (–၅၅) ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် ထိုက်ထိုက်ကျော်အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း (၄၀) ကို ဒုတိယဝန်ကြီး ဦးထိန်လင်းက လည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲ ခတပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် လရောင်ရှန်နှင့် လှိုင်မင်းခန့်တို့အတွဲအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း(၄၀)ကို ဒုတိယဝန်ကြီး ဦးဇင်မင်းထက်ကလည်းကောင်း၊ အမျိုးသား+အမျိုးသမီး အသင်းလိုက် (Mixed Team) ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း (၆၀) ကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးကလည်းကောင်း၊ (–၅၇) ခတနှင့် အတိုက်ပြိုင်ပွဲနှစ်ခုလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အမျိုးသမီးအငယ်ဆုံးအားကစားသမားဆုရရှိသည့် အိအိသဇင်ဇော်အား ငွေကျပ် (၁၀) သိန်းနှင့် နည်းပြအဖွဲ့တို့အတွက် ငွေကျပ် (၄၆) သိန်းတို့ကို မြန်မာနိုင်ငံဂျူဒိုအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းကလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် ဆုရအားကစားသမားများကိုယ်စား ငွေတံဆိပ်(၁)ခုနှင့် ကြေးတံဆိပ်(၁)ခုရရှိခဲ့သည့် အေးအေးအောင်က ကျေးဇူးတင်စကားပြန်လည် ပြောကြားခြင်း စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ပြီး တက်ရောက်လာကြသူများကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

# ရန်ကုန်တိုင်းဒေသကြီး၊ အောင်ဆန်းအားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်ခြင်း လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ






နေပြည်တော်၊ ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အောင်ဆန်းအားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၃၁) ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက In-person စနစ်ဖြင့်လည်းကောင်း၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များက Video Conference စနစ်ဖြင့်လည်းကောင်း တက်ရောက်ခဲ့သည်။ဦးစွာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုကျင်းပသည့် အစည်းအဝေးသည် အောင်ဆန်းအားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်ခြင်း လုပ်ငန်းကော်မတီအတွက် ပထမဆုံးအကြိမ်ခေါ်ယူခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးမင်္ဂလာတောင်ညွန့်မြို့နယ်တွင်တည်ရှိသည့် အောင်ဆန်းအားကစားကွင်းသည် ၁၆.၁၃၂ ဧကကျယ်ဝန်းပြီး ၁၉၀၆ ခုနှစ်တွင် ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေး အင်ဂျင်နီယာအဖွဲ့ (ဦးကောက်)မှ စတင်ဆောက်လုပ်ခဲ့သည်ဟု သိရှိခဲ့ရပြီး အောင်ဆန်းအားကစားကွင်း၏မူလအမည်မှာ BAA(Burma Athletic Association Ground) ဖြစ်ကြောင်း၊ အောင်ဆန်းအားကစားကွင်းတွင် ပြည်တွင်းအားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများအပြင် အထူးတလည်အမှတ်တရဖြစ်စေမည့် ပြပွဲများဖြစ်သည့် ရေခဲပေါ်မှ အားလပ်ရက်နေ့ (Holiday on Ice) ခေါ် ရေခဲပြင်ပြပွဲကြီးကို ကျင်းပပြုလုပ်ခဲ့သည့် အထင်ကရ အားကစားကွင်းတစ်ခု ဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲမှ ၁၉၅၃ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် အားကစားကွင်းအမည်ကို BAA မှ အောင်ဆန်းအားကစားပြိုင်ဝင်းအဖြစ် ပြောင်းလဲကြေညာခဲ့ပါကြောင်း၊ အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲကို ၁၉၆၁ ခုနှစ်နှင့် ၁၉၆၉ ခုနှစ်တို့တွင် အိမ်ရှင်အဖြစ် (၂) ကြိမ် လက်ခံကျင်းပခဲ့ပြီး (၂) ကြိမ်စလုံးတွင် အနိုင်ရဗိုလ်စွဲခဲ့သည့်အတွက် အောင်ဆန်းအားကစားကွင်းအတွင်း ရွှေရောင်လွှမ်းခဲ့ဖူးပြီး အောင်ပွဲနှင့်အတူ တို့မြန်မာနိုင်ပြီဟူသော ဇာတိသွေး ဇာတိမာန်တက်ကြွစေသည့် တေးသီချင်းများပါ ပေါ်ထွက်လာခဲ့သည့်အပြင် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များဖြစ်သည့် ပြေးခုန်ပစ်နှင့် ဘော်လီဘောစသည့် အားကစားအဖွဲ့ချုပ်များစွာ စခန်းသွင်းလေ့ကျင့်ခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများစွာ ပေါ်ထွက်လာအောင် မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ သက်တမ်းကြာမြင့်ပြီဖြစ်သည့် အောင်ဆန်းအားကစားကွင်းကို ကျွမ်းကျင်ပညာရှင်များ၏ ကြည့်ရှုစစ်ဆေးခဲ့မှုအရ ၇၀ ရာခိုင်နှုန်းခန့် ပျက်စီးနေ၍ အန္တရာယ်ရှိသည့်အတွက် ပြေးလမ်းပါဝင်သော ခေတ်မီအားကစားရုံအသစ် တည်ဆောက်သင့်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြန်လည်အကြံပြု အကြောင်းကြား

စာမျက်နှာ ၁၀ သို့ ►

စာမျက်နှာ ၈ မှအဆက် ►

ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/ အမှုထမ်းများ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးများနှင့် အမှတ်ပေးဒိုင်လူကြီးများက မြန်မာတို့၏ချစ်စရာ ရိုးရာဓလေ့တစ်ခုဖြစ်သော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် အရောင်၊ အဆင်း၊ အနံ့၊ အရသာနှင့် ပြည့်စုံကောင်းမွန်သည့် ထမနဲများရရှိစေရေးအတွက်ဌာနခွဲများမှ ပြိုင်ပွဲဝင်အသင်းများ ခင်းကျင်းထားသည့် ပါဝင်ပစ္စည်းများနှင့် အချိုးအစားအလိုက် ပြင်ဆင်ထားရှိမှုများအား စစ်ဆေးအတည်ပြုခဲ့ပြီးနောက် ပြိုင်ပွဲအား စတင်ကျင်းပခဲ့ရာ ဌာနခွဲများအလိုက် ကိုယ်စားပြုဝန်ထမ်းများက အနံ့၊ အရသာနှင့် ပြည့်စုံကောင်းမွန်သည့် ထမနဲများရရှိစေရေးအတွက် စုပေါင်း၍ တက်ညီလက်ညီထိုးနေမှုများ၊ ဌာနခွဲများမှ ဝန်ထမ်းများက အဖွဲ့လိုက်ပြိုင်ပွဲဝင်အသင်းများအား သံချပ်များ၊ အိုးစည်၊ ဒိုးပတ်များဖြင့် အပြိုင်အဆိုင်အားပေးနေမှုများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အမှတ်ပေးဒိုင်လူကြီးများက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး ဌာနခွဲများမှ ဝန်ထမ်းများအပြိုင်အဆိုင် ထိုးထားသည့် ထမနဲများအား အရသာမြည်းစမ်းခြင်းများနှင့် အနံ့၊ အရသာ၊ အရောင်၊ အဆင်းများအပေါ်မူတည်၍ သတ်မှတ်ထားသည့် စည်းမျဉ်း/စည်းကမ်းများနှင့်အညီ ကြည့်ရှုအကဲဖြတ်အမှတ်ပေးပြီး ဆုရရှိသည့် အသင်းများအား ဆုံးဖြတ်ရွေးချယ်ပေးခဲ့သည်။

ထမနဲထိုးပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားအား ဆက်လက်ကျင်းပခဲ့ရာ နှစ်သိမ့်ဆုနှင့် ဂုဏ်ပြုဆုများရရှိခဲ့သည့် အသင်းများကို ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများကလည်းကောင်း၊ ရမှတ် ၂၂၆ မှတ်ဖြင့် တတိယဆုရရှိသည့် အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲအသင်းကို ဒုတိယဝန်ကြီး ဦးဇင်မင်းထက်ကလည်းကောင်း၊ ရမှတ် ၂၃၀ မှတ်ဖြင့် ဒုတိယဆုရရှိသည့် ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ (၁) အသင်းကို ဒုတိယဝန်ကြီး ဦးထိန်လင်းကလည်းကောင်း၊ ရမှတ် ၂၃၈ မှတ်ဖြင့် ပထမဆုရရှိသည့် စီမံရေးရာနှင့် ဘဏ္ဍာရေးရာဌာနခွဲအသင်းကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ကလည်းကောင်း ဂုဏ်ပြုဆုကြေးငွေများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မွန်ပြည်နယ် အားကစားဥယျာဉ်အတွင်းရှိ အားကစားကွင်း/အားကစားရုံများနှင့် အိပ်ဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်သို့ရောက်ရှိလာရာ မွန်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက မော်လမြိုင်လေဆိပ်တွင် သွားရောက်ကြိုဆိုခဲ့ကြပြီး အစိုးရဧည့်ရိပ်သာသို့ လိုက်လံပို့ဆောင်ခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးတင်ဇော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ တာဝန်ရှိသူများ လိုက်ပါလျက် မွန်ပြည်နယ်အတွင်းရှိ အားကစားဥယျာဉ်သို့ သွားရောက်၍ အားကစားကွင်း/အားကစားရုံများနှင့် အားကစားသမားသုံးထပ် အိပ်ဆောင်၊ စားရိပ်သာ၊ ချက်ပြုတ်သည့်စားဖိုဆောင်၊ ဝန်ထမ်းအိမ်ရာများနှင့် တည်ဆောက်လျက်ရှိသည့် မိုးလုံလေလုံ အားကစားရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ဘောလုံးကွင်းမြက်ခင်း စိမ်းလန်းစိုပြည်စေရေး၊ ရေဖျန်းစနစ်ကောင်းမွန်စေရေးအတွက် ရေလှောင်ကန် (Ground Tank) တစ်ခုတည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်နှင့် ဘောလုံးကွင်းအတွင်း ခြံစည်းရိုး

စာမျက်နှာ ၁၁ သို့ ►

စာမျက်နှာ ၉ မှအဆက် ►

လာသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီနှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုးပြီး အောင်ဆန်းကွင်းအားပြန်လည်၍ အဆင့်မြှင့်တင် တည်ဆောက်သွားရန် နိုင်ငံတော်အကြီးအကဲမှ လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ မြန်မာ့အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန် လက်ရွေးစင် အားကစားသမားများ၊ နည်းပြများ၏ စွမ်းဆောင်မှုအရည်အသွေးများ လိုအပ်သည့်အပြင် ခေတ်မီနည်းပညာ စံနှုန်းသတ်မှတ်ချက်များနှင့် တည်ဆောက်ထားသည့် အားကစားကွင်း/အားကစားရုံများစွာ လိုအပ်သည့်အတွက် နိုင်ငံတကာနည်းပညာနှင့် တည်ဆောက်သွားမည့် ရန်ကုန်မြို့၏အထင်ကရ သမိုင်းဝင်အားကစားကွင်းကြီးဖြစ်သည့် အောင်ဆန်းအားကစားကွင်းကြီး အောင်မြင်စွာဖြင့် ပေါ်ထွန်းလာစေရန်နှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများ လက်ခံကျင်းပနိုင်သည့် အားကစားကွင်းသစ်ကြီးအဖြစ် ထပ်မံပေါ်ထွန်းလာစေရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် အသေးစိတ်ဝိုင်းဝန်းဖြည့်စွက် အကြံပြုတင်ပြဆွေးနွေးပေးသွားရန်နှင့် လိုအပ်သည်များကို ပေါင်းစပ်ကူညီဆောင်ရွက်ပေးသွားရန် ပြောကြားခဲ့သည်။

ဆက်လက်ပြီး အစည်းအဝေးအစီအစဉ်အရ တက်ရောက်လာကြသည့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အောင်ဆန်းအားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်ခြင်း လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီဖွဲ့စည်းထားရှိမှု အခြေအနေများ၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ရန်ကျန်ရှိသည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီးအကြံပြု တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် အထွေထွေတင်ပြဆွေးနွေးညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြဆွေးနွေး ညှိနှိုင်းချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး ပြောကြားခဲ့ပြီးနောက် ၂၀၂၅ ခုနှစ်၊ မတ်လတွင် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ပြီးနောက်ပိုင်း၌ ပျက်စီးခဲ့သည့် အားကစားကွင်း/အားကစားရုံများကို ပြန်လည်တည်ဆောက်ခြင်းနှင့် ယခုအဆင့်မြှင့်တင်တည်ဆောက်မည့် အောင်ဆန်းအားကစားကွင်းအား ငလျင်ဒဏ် အပါအဝင် သဘာဝဘေးအန္တရာယ်ဒဏ်၊ ရာသီဥတုဒဏ်ခံနိုင်စေရေးနှင့် သတ်မှတ်စံချိန် စံညွှန်း၊ အရည်အသွေးပြည့်မီစေရေး ဦးစားပေးတည်ဆောက်သွားရန်အတွက် တာဝန်ရှိသူများက ဝိုင်းဝန်းစိစစ်ကြပ်မတ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်သူများသည် အလွန်အရေးကြီးသည့်အပြင် တည်ဆောက်ပြီးစီးမှုများကို အပိုင်းလိုက်၊ ရာခိုင်နှုန်းအလိုက် စစ်ဆေးရသည့် QC (Quality Control) စစ်ဆေးရေးအဖွဲ့များ၏ အခန်းကဏ္ဍနှင့် တာဝန်များမှာလည်း အသက်တစ်မျှပင် အရေးကြီးလှပါကြောင်း၊ “နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး” ဆိုသည့် ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားကစား ကဏ္ဍသည် အဓိကကျသည့် ကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက် အားကစားကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပါဝင်၍ စည်းလုံးညီညွတ်စွာ အတူတကွပူးပေါင်းလက်တွဲပြီး ဆောင်ရွက်သွားကြရန်လိုကြောင်း တိုက်တွန်းပြောကြားခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်၊ မုဒုံမြို့နယ် အားကစားကွင်းအားသွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဘောလုံးကွင်းမြက်ခင်းများ စိမ်းလန်းစိုပြေစေရေး၊ ရေဖျန်းစနစ်များ ကောင်းမွန်စေရေးအတွက် ရေပိုက်လိုင်းများ ပြန်လည်စစ်ဆေးဆောင်ရွက်ရန်နှင့် ဘောလုံးကွင်းအတွင်း ခြံစည်းရိုး(Inner Fencing)နှင့် ဂိုးတိုင်၊ ဂိုးပိုက်များအား အမြဲတမ်း တောက်ပနေစေရန် ထုံး၊ ကော်ရည်နှင့်ဆေးများဖြင့် သုတ်လိမ်းသွားရန်လိုကြောင်း၊ ရေစီမံ့မြောင်းများပေါ်ရှိမြေများ အနည်းငယ် နိမ့်ကျလာသဖြင့် မြေသား Level ညီအောင် ပြန်လည်ပြုပြင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မီတာ(၄၀၀) Synthetic ပြေးလမ်းခင်းကျင်းခြင်းကို ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့ပြီးနောက် ဖူဆယ်အားကစားကွင်း/အားကစားရုံ၊ ခြင်းလုံး အားကစားရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများစည်းလုံးညီညွတ်စွာ အတူတကွ ပူးပေါင်းလက်တွဲပြီး လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်၍ အားကစားကွင်း/အားကစားရုံများ သန့်ရှင်းသာယာလှပအောင် နေ့စဉ်သန့်ရှင်းရေးများ ပုံမှန်ပြုလုပ်ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကရင်ပြည်နယ် ဘားအံမြို့သို့ ထွက်ခွာခဲ့ရာ ကရင်ပြည်နယ် အစိုးရအဖွဲ့

စာမျက်နှာ ၁၂ သို့ ►

စာမျက်နှာ ၁၀ မှအဆက် ►

(Inner Fencing)အား အမြဲတမ်းတောက်ပနေစေရန် ထုံး၊ ကော်ရည်နှင့် ဆေးများဖြင့် သုတ်လိမ်းသွားရန်လိုကြောင်း၊ သန့်ရှင်းမှုရှိစေရေးအတွက် သစ်ပင်ခြုံနွယ်များအား နေ့စဉ်သန့်ရှင်းရေးများ ပုံမှန်ပြုလုပ်၍ ရှင်းလင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အားကစားဥယျာဉ်အတွင်းရှိ အဆောက်အဦနှင့် အိပ်ဆောင်များ ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားရန် ဝန်ထမ်းများအားတာဝန်ပေးခန့်အပ်နိုင်ရေး တင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ အိမ်ရာများတွင်နေထိုင်သည့် ဝန်ထမ်းများ သက်သာချောင်ချိစေရေးအတွက် မြေနေရာလွတ်များတွင် သီးပင်၊ စားပင်များကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးသွားရန်နှင့် လုံခြုံရေးအထူးဂရုစိုက်၍ နေထိုင်သွားရန်လိုကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးအတွက် စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)သို့သွားရောက်၍ ဘောလုံးကွင်း၊ တိုက်ကွမ်ဒို၊ ဂျူဒိုနှင့် ပိုက်ကျော်ခြင်းအားကစားရုံ၊ လက်ဝှေ့၊ GYM ရုံ၊ ဘော်လီဘော၊ အလေးမ၊ ဖူဆယ်နှင့် လက်ဝှေ့အားကစားရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် အားကစားနှင့်ပညာရေးပေါင်းစပ်အထက်တန်းကျောင်းရှိ သင်ကြားရေး ဆရာ/ဆရာမများနှင့် တွေ့ဆုံပြီး သင်တန်းသား/သင်တန်းသူများ၏ အားကစားလေ့ကျင့်မှုများ၊ နေထိုင်စားသောက်မှုများ၊ ပညာသင်ကြားနေမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ အုပ်ချုပ်ထောက်ပံ့မှု ကိစ္စရပ်များနှင့်ပတ်သက်ပြီး လိုအပ်ချက်များနှင့် ထူးခြားဖြစ်စဉ်များရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)ရှိ အုပ်ချုပ်မှုရုံး၊ စုပေါင်းခန်းမ၌ မွန်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းများ ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူများကြားတွင် ပေါင်းကူးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ အနေဖြင့် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်၊ ကျင့်ဝတ်အပါး (၃၀) နှင့်အညီ မိမိတို့အား ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားကြရန်လိုကြောင်း၊ ရုံးလုပ်ငန်းဆိုင်ရာ အခက်အခဲများ၊ မိသားစုအခက်အခဲများနှင့် ကိုယ်ရေးကိုယ်တာအခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့်သတင်းပို့တင်ပြနိုင်ကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်များ၊ မူဝါဒများ၊ လုပ်ငန်းတာဝန်များဖြစ်သည့် အားကစားကဏ္ဍနှင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားခဲ့ပြီးဝန်ထမ်းများ၏ တင်ပြချက်များနှင့် အခက်အခဲများအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

# (၈၁) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်၊ ဘားအံမြို့၊ လှာကမြင်ကွက်သစ်ရှိ ဖွဲကပင်မိုးလုံလေလုံအားကစားရုံ ဖွင့်ပွဲအခမ်းအနားကျင်းပ





နေပြည်တော်၊ ဖေဖော်ဝါရီ ၂၂

(၈၁) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်၊ ဘားအံမြို့၊ လှာကမြင်ကွက်သစ်ရှိ ဖွဲကပင်မိုးလုံလေလုံ အားကစားရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်၊ ဘားအံမြို့၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ကရင်ပြည်နယ် အားကစားနှင့်ကာယပညာကော်မတီနာယက ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကရင်ပြည်နယ် အားကစားနှင့်ကာယပညာကော်မတီဝင်များနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ပြီး ဘင်ခရာအဖွဲ့၊ ပန်းပွားအဖွဲ့၊ ကရင်တိုင်းရင်းသား ဒုံးယိမ်းအဖွဲ့များ၊ မွန်ရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ ပအိုဝ်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများက ကြိုဆိုခဲ့သည်။

ဦးစွာ အခမ်းအနားပထမပိုင်းအစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်တို့က ဖွဲကပင် မိုးလုံလေလုံ အားကစားရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်းနှင့် စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ပြီး အားကစားရုံဖွင့်ပွဲအခမ်းအနားအတွက် အားဖြည့်ပါဝင်ကူညီပေးခဲ့သော ဘင်ခရာအဖွဲ့၊ ပန်းပွားအဖွဲ့၊ ကရင်တိုင်းရင်းသား ဒုံးယိမ်းအဖွဲ့များ၊ မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ပအိုဝ်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ်ခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးသည် ကရင်ပြည်နယ် ဝန်ကြီးချုပ်တို့နှင့်အတူ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်းနှင့် ဖွဲကပင်မိုးလုံလေလုံ အားကစားရုံ ကမ္ဘည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်း၍ အားကစားရုံအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်း အစီအစဉ်အဖြစ် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် "နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထား မြှင့်တင်ရေး"ဆိုသည့် ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားကစားကဏ္ဍသည် အဓိကကျသည့် ကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက် အားကစားကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်အောင်

စာမျက်နှာ ၁၃ သို့ ▶

စာမျက်နှာ ၁၁ မှအဆက် ▶

ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သွားရာက်ကြိုဆိုခဲ့ကြသည်။

ထို့နောက် ဖေဖော်ဝါရီ ၂၁ ရက်နေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ကရင် ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ကရင်ပြည်နယ် လူငယ်စင်တာသို့ သွားရောက်ခဲ့ပြီး ကရင်ပြည်နယ် လူငယ်ရေးရာကော်မတီမှ ကြီးမှူးကျင်းပသည့် "လူငယ်နှင့် ခေါင်းဆောင်မှု" လူငယ်စကားဝိုင်းသို့လည်းကောင်း၊ နွေရာသီစားပွဲတင်တင်းနစ် သင်တန်းသို့လည်းကောင်း၊ စစ်တုရင်သင်တန်းသို့လည်းကောင်း ကျောင်းပေါင်းစုံ တယောသင်တန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းရှိ အိပ်ဆောင်များ၊ အိမ်တွင်းမှုခန်း၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်း၊ ပန်းချီသင်တန်း၊ အကခန်း၊ ဘုရားခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးအားပေးခဲ့ပြီးနောက် သင်တန်းနည်းပြဆရာ/ဆရာမများ၊ သင်တန်းသူ/သင်တန်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် GYM အားကစားခန်းမ၊ စားပွဲတင်တင်းနစ် အားကစားခန်းမနှင့် ဖူဆယ် အားကစားရုံတို့အားလည်းကောင်း၊ ဖူဆယ်အားကစားရုံတွင် နွေရာသီဖူဆယ် ဘောလုံးသင်တန်း ဖွင့်လှစ်ထားရှိမှု အခြေအနေများအားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် နည်းပြများအားတွေ့ဆုံ၍ ကရင်ပြည်နယ် ဖူဆယ်အားကစားနည်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကရင်ပြည်နယ်၊ ဘားအံခရိုင်ရှိ အောင်သံလွင်ဘောလုံးကွင်းအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဘောလုံးကွင်းတွင်း ခြံစည်းရိုး (Inner Fencing)အား အမြဲတမ်းတောက်ပနေစေရန် ထုံး၊ ကော်ရည်နှင့်ဆေးများဖြင့် သုတ်လိမ်းသွားရန်လိုကြောင်း၊ အမြဲစိမ်းလန်းစိုပြည်ပြီး သန့်ရှင်းမှုရှိစေရေးအတွက် သစ်ပင်ခြုံနွယ်များအား နေ့စဉ်သန့်ရှင်းရေးများ ပုံမှန်ပြုလုပ်၍ ရှင်းလင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်နယ်ကွင်းအဆင့်မီအောင် လုပ်ရမည်ဖြစ်ကြောင်း၊ ရေစင်များကို သန့်ရှင်းအောင်ထားရှိရန်လိုကြောင်း၊ အများပြည်သူများ လာရောက်လေ့ကျင့်ကစားချင်စိတ် ဖြစ်စေရေးအတွက် အစဉ်အမြဲသာယာလှပအောင်ထိန်းသိမ်း ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၂ မှအဆက်

နိုင်ငံသားအားလုံး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ အားကစားအဆင့်အတန်းကို မြှင့်တင်ရာတွင် Human Resource ဖြစ်သည့် အားကစားသမား၊ နည်းပြ၊ ဒိုင်လူကြီးများ၏ အခန်းကဏ္ဍသည် အရေးကြီးသကဲ့သို့ နိုင်ငံတကာ ခေတ်မီစံချိန်၊ စံညွှန်းများနှင့် တည်ဆောက်ထားသည့် အားကစားဆိုင်ရာ Infrastructure များသည်လည်း မလွဲမသွေ လိုအပ်ချက်တစ်ရပ်ဖြစ်သည်မှာ ထင်ရှားပါကြောင်း၊ ကရင်ပြည်နယ်၏ အားကစားကဏ္ဍတွင် မရှိမဖြစ်လိုအပ်သည့် Sports Infrastructure ကွက်လပ်တစ်ခုကို ဖြည့်စွက်ပေးသည့်အနေဖြင့် အလျား ၂၀၀ ပေ x အနံ ၁၃၀ ပေ၊ ပရိသတ် ၂၀၀၀ ကျော်ဝင်ဆံ့နိုင်သည့် ဖွဲကပင်မိုးလုံလေလုံ အားကစားရုံကြီးအား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ယခုဖွင့်လှစ်သည့် အားကစားရုံကြီးအား ဒေသခံပြည်သူလူထုများ အနေဖြင့် အကျိုးရှိရှိ ထိရောက်စွာ အသုံးချနိုင်ရန်နှင့် အားကစားလေ့ကျင့်မှုများ စဉ်ဆက်မပြတ်သက်ဝင်လှုပ်ရှားနေစေရန် ဝိုင်းဝန်းဆောင်ရွက်၍ ပြည်နယ်ဂုဏ်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် မျိုးဆက်သစ် ထူးချွန်အားကစားသမားများ ပေါ်ထွက်လာစေရန် ဝိုင်းဝန်းပူးပေါင်း၍ ဆက်လက်ကြိုးစားသွားစေလိုကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့်လည်း ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်လူရွယ်များ ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်စေရန် အားကစားလေ့ကျင့်မှုများ ပြုလုပ်နိုင်စေရေး၊ မြန်မာ့အားကစားအဆင့်အတန်း ရေရှည်ဖွံ့ဖြိုး တိုးတက်စေရေးတို့အတွက် အခြေခံကျသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ခေတ်မီ အားကစား Infrastructure များကို ဖြည့်ဆည်းတည်ဆောက်ပေးသွားရန် အစီအမံများချမှတ်၍ အကြီးအကဲများ ထံတင်ပြပြီး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကရင်ပြည်နယ်၏ အားကစားသမိုင်းတွင် ပြေးခုန်ပစ်၊ ဂျူဒို၊ ပိုက်ကျော်ခြင်း၊ ဘိလိယက်၊ Netball ၊ ဘတ်စကက်ဘော၊ ဘောလုံး၊ မွေ၊ ဘော်လီဘောစသည့် အားကစားနည်းများတွင် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားများစွာ ပေါ်ထွက်လာသည်ကို တွေ့ရှိခဲ့ရပြီး (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများတွင် ဂျူဒို၊ မွေ၊ ပြေးခုန်ပစ်စသည့် အားကစားနည်းများမှ နိုင်ငံတော်အတွက် ဆုတံဆိပ်များစွာ ရယူပေးနိုင်ခဲ့သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့် နယ်ပယ်စုံ၊ ကဏ္ဍစုံမှ တာဝန်ရှိသူများက အဖက်ဖက်မှ အားထုတ်ကြိုးပမ်း ဆောင်ရွက်ပေးခဲ့ခြင်းများကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲများတွင်လည်း တင်းနစ်၊ ဘောလုံး၊ ဂျူဒို၊ ရိုးရာ လက်ဝှေ့၊ Boxing ၊ ပိုက်ကျော်ခြင်း၊ ဝူရှူးစသည့် အားကစားနည်းများဖြင့် တံခွန်စိုက်ဒိုင်းဆုများ ရယူပေးနိုင်၍ အောင်မြင်မှုများရရှိခဲ့ပြီး အစဉ်အလာကောင်းသည့် ပြည်နယ်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ၂၀၂၆ ခုနှစ်၊ ဧပြီလမှစတင်၍ ကျင်းပပြုလုပ်သွားမည့် တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲများတွင်လည်း အောင်မြင်မှုများရရှိအောင် ဆက်လက်ဝိုင်းဝန်း ပံ့ပိုးဆောင်ရွက်ပေးသွားရန် တိုက်တွန်းမှာကြား လိုပါကြောင်း၊ ဖွဲကပင် မိုးလုံလေလုံ အားကစားရုံကြီး ယခုလို အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းကူညီ ဆောင်ရွက်ပေးခဲ့သည့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဘက်ပေါင်းစုံမှ ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြသူများကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားရာတွင် ပြည်နယ်အားကစားအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်အောင် ကဏ္ဍပေါင်းစုံမှ ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုလို အားကစားရုံအသစ်ကြီး ဖွင့်လှစ်ပေးသည့်အတွက် အားကစားကို လေ့လာလိုက်စား စိတ်ပါဝင်စားသူ ပိုမိုများပြားလာအောင် အထောက်အကူပြုနိုင်၍ အကျိုးရလဒ်အဖြစ် မျိုးဆက်သစ်အားကစားသမား လူငယ်များစွာ ပေါ်ထွန်းလာပြီး မြန်မာ့အားကစား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုနိုင်အောင် ဝိုင်းဝန်းပူးပေါင်း၍ အတူတကွ ဆက်လက်ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် မြန်မာ့သိုင်း၊ ဗိုဗီနမ်၊ Physical Fitness Dance အဖွဲ့တို့မှ သရုပ်ပြခြင်းနှင့် ပြည်နယ်လဝကအသင်းနှင့် ပြည်နယ်မီးသတ်တပ်ဖွဲ့အသင်းတို့ ဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်နယ်မီးသတ်တပ်ဖွဲ့အသင်းမှ ၂၅ မှတ် ၁၈ မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက fitness Dance ၊ ဗိုဗီနမ်၊ မြန်မာ့သိုင်းအဖွဲ့များ၊ ပြည်နယ်မီးသတ်တပ်ဖွဲ့နှင့် ပြည်နယ်လဝကအဖွဲ့တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဖွဲကပင်အားကစားကွင်းအတွင်း ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်းစိမ်းလန်းစိုပြည်၍ သန့်ရှင်းသာယာလှပစေပြီး အားကစားပြိုင်ပွဲကြီးများကျင်းပနိုင်သည့် ပြည်နယ်ပြယုဂ်ဖြစ်သော နိုင်ငံတကာအဆင့်မီ အားကစားကွင်းအဖြစ် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ပြီးနောက် ဖွဲကပင်ရေကူးကန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေကူးကန် အမြဲတမ်းသန့်ရှင်းပြီး ရေကြည်ရေသန့်စေရေးအတွက် ရေသန့်စင်ခြင်းများနှင့် သတ်မှတ်အချိုးအစားများအတိုင်း ဆေးခပ်ခြင်းများကို စနစ်တကျ ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှုင်ယံစင်တာ၌ ပြည်နယ်၊ မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပြည်နယ် ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများအားတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူများကြားတွင် ပေါင်းကူးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ အနေဖြင့် နိုင်ငံ့ဝန်ထမ်း စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များ၊ ကျင့်ဝတ်နှင့် လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာရန် လိုကြောင်း၊ မိမိတို့အား ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ကျေပွန်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ စေတနာထားပြီး လုပ်ကိုင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိအနေဖြင့် ဝန်ထမ်းများ၏ အခက်အခဲများနှင့် တင်ပြချက်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြေရှင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်၍ ရုံးလုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့် ကိုယ်ရေးကိုယ်တာ အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း သတင်းပို့တင်ပြနိုင်ကြောင်း ပြောကြားခဲ့ပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးချစ်စိတ်ဓာတ် ထက်သန်ရေး အားကစားကို အစဉ်အားပေး**

## မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မွန်ပြည်နယ် ရာမညအားကစားကွင်း၊ ကျောင်းသားအားကစားကွင်း၊ ပြည်နယ်အားကစားခန်းမနှင့် ရေကူးကန်တို့အား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မွန်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးတင်ဇော်ထွန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးတို့နှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ မွန်လွဲပိုင်းတွင် မွန်ပြည်နယ် ရာမညအားကစားကွင်းသို့ သွားရောက်ခဲ့သည်။

ဦးစွာ ပြည်နယ်အစည်းအဝေးခန်းမ၌ မွန်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ပြည်ထောင်စုဝန်ကြီး ခရီးစဉ်တင်ပြချက်နှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို မွန်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ပြီးနောက် ရာမညအားကစားကွင်းအတွင်းသို့ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရေသုံးစွဲမှု လုံလောက်စွာရရှိစေရေး၊ ဘောလုံးကွင်း မြက်ခင်းစိမ်းလန်းစိုပြည်စေရေး၊ ရေဖျန်းစနစ် ကောင်းမွန်စေရေးတို့အတွက် ရေပိုက်လိုင်းများ ပြန်လည်စစ်ဆေး ဆောင်ရွက်သွားရန်နှင့် ဂိုးတိုင်၊ ဂိုးပိုက်များအား ထုံး၊ ကော်ရည်နှင့်ဆေးဖြူများ သုတ်လိမ်းသွားရန်လိုကြောင်း၊ ပွဲကြည့်စင် ထပ်မံတိုးချဲ့တည်ဆောက်သွားမည်ဆိုပါက မလွတ်ကင်းသောအဆောက်အဦများ ဖယ်ရှားရမည်ဖြစ်၍ ဝန်ထမ်းအိမ်ရာများပါဝင်မည်ဖြစ်သည့်အတွက် ဝန်ထမ်းများအဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရေး ကြိုတင်ပြင်ဆင်စီစဉ်ဆောင်ရွက်ပြီးမှသာ တည်ဆောက်ရေးကိစ္စများအား စနစ်တကျ စီမံဆောင်ရွက်သွားရန်လိုကြောင်း မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ရေကူးကန် တည်ဆောက်မည့်မြေနေရာအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ဒိုင်ဗင်ကန်ပါ ရေကန်နှင့် ရေကူးကန်အား တစ်ဆက်တည်းတည်ဆောက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ပြီးနောက် ကျောင်းသားအားကစားကွင်းသို့ သွားရောက်၍ လူငယ်စင်တာဖွင့်လှစ်မည့် အဆောက်အဦအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ဘောလုံးကွင်း မြက်ခင်းစိမ်းလန်းစိုပြည်စေရေးအတွက် ရေနုတ်မြောင်းများကို ပြန်လည်စစ်ဆေး၍ ရေရှည်အသုံးပြုနိုင်ပြီး (၁၀) မြို့နယ် ဘောလုံးပြိုင်ပွဲနှင့် အခြားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲများကို ကျင်းပပြုလုပ်သွားနိုင်ရေးအတွက် ပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်နယ်ရာမညအားကစားကွင်းတွင် ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲများကိုသာ ကျင်းပပြုလုပ်သွားရန်နှင့် ခရိုင်အဆင့်မီ အားကစားကွင်းအဖြစ် ဖော်ဆောင်နိုင်ရေးအတွက် Synthetic ပြေးလမ်းခင်းနိုင်ရေး တွက်ချက်ပြင်ဆင်ပြီး အကောင်အထည်ဖော် စီစဉ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/ အားကစားရုံများအားလိုက်လံကြည့်ရှုစစ်ဆေး



ရန်ကုန်၊ ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်းသို့ သွားရောက်၍ အဆင့်မြှင့်တင်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ မျိုးဆက်သစ်မြန်မာ့လက်ရွေးစင် အားကစားသမားများ မွေးထုတ်ပေးနိုင်စေရေး၊ မိမိတို့နိုင်ငံ၏ သမိုင်းဝင် အောင်ဆန်းအားကစားပြိုင်ဝင်းအား နိုင်ငံတကာ အဆင့်မီအားကစားကွင်းအဖြစ် ပြန်လည်အဆင့်မြှင့်တင်တည်ဆောက်နိုင်ရေးအတွက် ရည်ရွယ်၍ အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ ပွဲကြည့်စင်များ၊အားကစားရုံများ၊ အစည်းအဝေး

စာမျက်နှာ ၁၅ သို့ ►

# မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) ကျင်းပ





နေပြည်တော်၊ ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ် (၃၁)ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ အတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကျော်ထွန်း၊ ဗိုလ်ချုပ်အောင်မျိုးသန့်၊ ဦးကိုကိုကျော်၊ ဒေါ်သန်းသန်းလင်း၊ ဒေါက်တာအောင်ဇေယျ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတကာတွင် အိုလံပစ်နှင့်ပတ်သက်သည့် အဆင့်အမြင့်ဆုံး အဖွဲ့အစည်းမှာ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီဖြစ်၍ ၁၈၉၄ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး နှစ်စဉ် ဇွန်လ ၂၃ ရက်နေ့တွင်

စာမျက်နှာ ၁၆ သို့ ►

စာမျက်နှာ ၁၄ မှအဆက် ►

ခန်းမနှင့်ရုံးခန်းများ၏ လက်ရှိအဆောက်အဦ အနေအထားအခြေအနေများ၊ လျာထား သတ်မှတ်ထားသည့် အဆောက်အဦများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား သက်ဆိုင်ရာကဏ္ဍအလိုက် တိတိကျကျ လုပ်ကိုင်ဆောင်ရွက်သွားနိုင်ရေး၊ အဆောက်အဦ ဖျက်သိမ်းရာတွင် အပိုင်းလိုက် စနစ်တကျ တိတိကျကျ ဆောင်ရွက်သွားနိုင်စေရေးနှင့် အဆင့်မြှင့်တင် ပြန်လည်တည်ဆောက်ရေးတွင် ငလျင်ဒဏ်၊ သဘာဝဘေးအန္တရာယ်ဒဏ်နှင့် ရာသီဥတုဒဏ်ခံနိုင်စေရေးတို့အတွက် တာဝန်ရှိသူများက ဝိုင်းဝန်းကြပ်မတ်စိစစ်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုးလုံလေလုံ ဘော်လီဘောအားကစားရုံသို့ သွားရောက်၍ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာဘော်လီဘောလူမှုရေးအသင်း အမှုဆောင်ဖလား၊ ရန်ကုန်တိုင်းဒေသကြီး အသက် ၂၅ နှစ်နှင့်အောက် ဘော်လီဘောပြိုင်ပွဲအား ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးနှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူအားကစားခန်းမသို့ ဆက်လက်ထွက်ခွာခဲ့ပြီး မြန်မာနိုင်ငံကစ်ဘောက်ဆင်အဖွဲ့ချုပ်မှ နိုင်ငံတော်အတွက် ဆုတံဆိပ်များ ရယူပေးနိုင်ရန်နှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အဆင့်မီစွာဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ထူးချွန်သည့် မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပေးနိုင်စေရေးတို့အတွက် လိုအပ်သည့်လေ့ကျင့်ရေးရုံနှင့် ရုံးခန်းများတည်ဆောက်ရန် တင်ပြတောင်းခံထားသည့် မြေနေရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ဒိုင်လူကြီးသင်တန်း အမှတ်စဉ် (၁/၂၀၂၆) ဖွင့်လှစ်သင်ကြားနေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒလမြို့နယ်သို့ ရောက်ရှိပြီး မီတာ (၄၀၀) ပြေးလမ်းပါ ဘောလုံးကွင်းနှင့် (၁၂၀ ပေ x ၉၀ ပေ) ရှိသော အားကစားခန်းမတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒလမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်လက်ကြိုးစားဆောင်ရွက်သွားရန်၊ ဘောလုံးကွင်းခြံစည်းရိုးနှင့်ဂိုးတိုင်၊ ဂိုးပိုက်များအား အမြဲတမ်းကောင်းမွန်သစ်လွင်တောက်ပနေစေရန်၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန်၊ မီတာ (၄၀၀) Synthetic ပြေးလမ်းခင်းကျင်းဆောင်ရွက်နိုင်စေရန်နှင့် အားကစားခန်းမ ရေရှည်တည်တံ့ခိုင်မြဲစေရန်တို့အတွက် သန့်ရှင်းသာယာလှပအောင် သန့်ရှင်းရေးများ ပုံမှန်ပြုလုပ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၊ အားကစားနှင့်ပညာရေးပေါင်းစပ် အထက်တန်းကျောင်းနှင့် စားရိပ်သာတို့တွင် (Grade-12) ကျောင်းသား/ကျောင်းသူများ၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာအထက်တန်းအဆင့် (Grade-12) ပြီးမြောက်ခြင်း နှစ်ဆုံးစာမေးပွဲဖြေဆိုရန်အတွက် လေ့လာကျက်မှတ်နေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသား/ကျောင်းသူများအား လေ့လာသင်ယူထားသည့် သင်ခန်းစာများကို ကောင်းမွန်စွာလေ့လာမှတ်သား၍ စာမေးပွဲတွင် ရမှတ်ကောင်းကောင်းဖြင့် အောင်မြင်ပြီး အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ကျောင်းမှ အောင်ချက်ကောင်းမွန်သည့်ကျောင်းအဖြစ် မှတ်တမ်းတင်နိုင်အောင် ကျောင်းသား/ကျောင်းသူများအားလုံး အစွမ်းကုန်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားခဲ့ပြီးနောက် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) စားရိပ်သာသို့ သွားရာက်၍ ကျောင်းသား/ကျောင်းသူများနှင့်အတူ နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၅ မှအဆက် ►

နိုင်ငံတကာမှ အမျိုးသားအိုလံပစ်ကော်မတီများ၊ အားကစားအဖွဲ့ချုပ်များ အသီးသီးမှ အားကစားလှုပ်ရှားမှုများ (Olympic Movements)ကို ကမ္ဘာနှင့်တစ်ဝှမ်းတွင် ကျင်းပခဲ့ပြီး အစီရင်ခံစာများကို အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီသို့ ဆက်လက်ပေးပို့တင်ပြခဲ့ပါကြောင်း၊ ၁၉၉၃ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥပဒေကို ပြဋ္ဌာန်း၍ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အဖွဲ့ဝင် ၇ ဦး ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် အဖွဲ့ဝင် ၁၁ ဦးဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်း၍ လုပ်ငန်းတာဝန် ၁၆ ချက်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီလက်အောက်တွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် အားကစားအဖွဲ့ချုပ် ၃၅ ဖွဲ့ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအချိန်တွင် ၅၂ ဖွဲ့ဖြင့် မြန်မာ့အားကစား အောင်မြင်စေရေးတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီကို မြန်မာနိုင်ငံ အားကစားကောင်စီအဖြစ် ပြန်လည်ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်နိုင်ရန်အတွက် ယခု အစည်းအဝေးအား ကျင်းပပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ “နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး”ဆိုသည့် ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာရေးကောင်းမွန်အောင် အားကစားလှုပ်ရှားမှုများဆောင်ရွက်နိုင်ရန် စည်းရုံးလှုံ့ဆော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲနှင့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်နိုင်ရန်အတွက် ၂၀၂၆ –၂၀၂၇ ခုနှစ် အားကစားပြက္ခဒိန်ရေးဆွဲပြီး အထက်အကြီးအကဲထံ တင်ပြဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် ဂျပန်နိုင်ငံ၌ လက်ခံကျင်းပမည့် အာရှအားကစားပြိုင်ပွဲနှင့် ၂၀၂၇ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၃၄ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထူးချွန်ထက်မြက်ပြီး Talent နှင့် အရည်အချင်းရှိသည့် အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင် အဖက်ဖက်မှလိုအပ်သည်များကို ကူညီထောက်ပံ့ပေးခဲ့သည့်အတွက် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ အဖွဲ့ဝင်များဖြစ်သည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ့အားကစားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြပေးသွားရန် ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ အိုလံပစ်ကောင်စီအတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီကို မြန်မာနိုင်ငံ အားကစားကောင်စီအဖြစ် ပြန်လည်ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအိုလံပစ် ကောင်စီ စတင်ဖွဲ့စည်းခဲ့မှုသမိုင်းကြောင်း၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးတင်ပြခဲ့ပြီးနောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံ အိုလံပစ်ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးများက မြန်မာ့အားကစားဖွံ့ဖြိုး တိုးတက်စေရေးအတွက် ရေရှည်စီမံချက်များ ရေးဆွဲဆောင်ရွက်သွားမှသာ နိုင်ငံတကာအလယ်တွင် အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ အားကစားသမားများအတွက် အစားအသောက်နှင့် လေ့ကျင့်မှုသည် အဓိကဖြစ်သည့်အတွက် အာဟာရပြည့်ဝစွာကျွေးမွေးနိုင်ရန် ယခုထက်ပိုမိုထောက်ပံ့ကျွေးမွေးပေးသွားရန်လိုကြောင်း၊ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မာလာစေရေးအတွက် မျိုးဆက်သစ်အားကစားသမားများ ရွေးချယ်ရာတွင် အသက်မှန်ကန်မှုရှိရန် အရေးကြီး၍ အထူးဂရုစိုက်ပြီး စနစ်တကျ ရွေးချယ်သွားရန်လိုကြောင်း၊ အားကစားကွင်း/အားကစားရုံများအား ပြန်လည်အဆင့်မြှင့်တင် ပြုပြင်ခြင်းများနှင့် နိုင်ငံခြားနည်းပြများ ငှားရမ်းလေ့ကျင့်ပေးနိုင်ရေးအတွက် လိုအပ်သည်များကို ချိတ်ဆက်၍ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ ဘဏ္ဍာနှစ်အလိုက် လျာထားဘက်ဂျတ်ငွေများ၊ ခွင့်ပြုသည့် အသုံးစရိတ်ငွေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည့်အတွက် စာရင်းစစ်ကန့်ကွက်မှုများမရှိစေရေး စနစ်တကျခွဲဝေသုံးစွဲသွားရန်လိုကြောင်း၊ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်တန်းများဖွင့်လှစ်နိုင်ရေး၊ အားကစားအထောက်အကူပြုပစ္စည်းများ ဝယ်ယူခြင်းနှင့် အားကစားကွင်း/အားကစားရုံ ပြုပြင်ခြင်းများအတွက် စနစ်တကျတွက်ချက်၍ ဘဏ္ဍာနှစ်အလိုက် ဘက်ဂျတ်လျာထားတင်ပြဆောင်ရွက် သွားရန်လိုကြောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ ကျောင်းများတွင် အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိပြီး ကျောင်းအဆင့်လက်ရွေးစင်များအဖြစ်ရွေးချယ်၍ နိုင်ငံတကာကျောင်းသားအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်စေပြီး မြန်မာ့လက်ရွေးစင်အဆင့် အားကစားသမားများဖြစ်အောင် မွေးထုတ်ပေးလျက်ရှိကြောင်း၊ မြန်မာ့အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ မြန်မာ့အားကစားအောင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်ဝသည့် လူငယ်မျိုးဆက်သစ်အားကစားသမားများ ရှာဖွေဖော်ထုတ်၍ မွေးထုတ်ပေးနိုင်စေရေးတို့အတွက် မိမိတို့ဝန်ကြီးဌာနများအနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီးအကြံပြုဝိုင်းဝန်း ဆွေးနွေးတင်ပြခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်ပြောကြားရာတွင် မြန်မာ့အားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန် ပြည့်ပြည့်စုံစုံဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြပေးခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို ကောင်စီဝင်များ သိရှိပြီးဖြစ်သည့်အတွက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ မြန်မာနိုင်ငံ အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေး၊ နိုင်ငံတကာအဆင့်မီ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ အောင်မြင်မှုဆုတံဆိပ်များရရှိရေး၊ မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာရေး၊ နိုင်ငံတကာအဆင့်မီ နည်းပြ/ဒိုင်များ မွေးထုတ်ပေးရေး၊ အိုလံပစ်လှုပ်ရှားမှုများ နိုင်ငံနှင့်အဝှမ်း ဆောင်ရွက်နိုင်ရေး၊ အိုလံပစ်ဆိုင်ရာ/ အားကစားဆိုင်ရာ ဗဟုသုတများကို ပြည်သူလူထုထံ အသိပညာပေးရေး လုပ်ငန်းများကို ကောင်စီဝင်များအနေဖြင့် ပူးပေါင်းဆောင်ရွက် ပေးသွားကြစေလိုကြောင်း၊ တပ်မတော်အားကစားဆပ်ကော်မတီ၊ ဝန်ကြီးဌာနအားကစားဆပ်ကော်မတီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ အားကစားဆပ်ကော်မတီများနှင့် ပေါင်းစပ်ဆောင်ရွက်သွားမှသာ မြန်မာ့အားကစားအဆင့်အတန်း ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ကြောင်း

စာမျက်နှာ ၁၉ သို့ ►

## (၇၉) နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးထိန်လင်း ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်မည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ယဉ်ကျေးမှုအဖွဲ့များအား နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်





နေပြည်တော်၊ ဖေဖော်ဝါရီ ၂

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော် စည်ပင်ဧည့်ရိပ်သာသို့ တိုင်းဒေသကြီးနှင့်ပြည်နယ် ကိုယ်စားပြုရောက်ရှိလာသည့် ယဉ်ကျေးမှုအဖွဲ့များအား နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန်အတွက် မကွေးတိုင်းဒေသကြီး ကိုယ်စားပြု (၃၆) ဦး၊ ရခိုင်ပြည်နယ် ကိုယ်စားပြု (၄၀) ဦးနှင့် ချင်းပြည်နယ်ကိုယ်စားပြု (၃၆) ဦးတို့အား အိုးစည်၊ ဒိုးပတ်များနှင့် သောင်းသောင်းဖြဖြ လှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ခဲ့သည်။

ဆက်လက်ပြီး ယဉ်ကျေးမှုအဖွဲ့များအား တည်းခိုနေထိုင်မည့် အိပ်ဆောင်များတွင် စနစ်တကျ နေရာချထားပေးခြင်းများ၊ နံနက်စာ၊ နေ့လည်စာနှင့် ညစာကျွေးမွေးမှုများတွင် လစ်ဟင်းမှုများမရှိစေရေး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

## ပြည်တက္ကသိုလ်တွင် “လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲ” ကျင်းပ





၂၀၂၆ ဖေဖော်ဝါရီလ ၄ ရက်

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် “လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲ” အား ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ပြည်တက္ကသိုလ်တွင် ၂၀၂၆ ဖေဖော်ဝါရီလ ၄ ရက် နံနက်ပိုင်းတွင် ကျင်းပဆောင်ရွက်ခဲ့ပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က လူငယ်မောင်မယ်များအား လမ်းညွှန်အမှာစကား ပြောကြားခဲ့ပါသည်။

ဒုတိယဝန်ကြီးမှ အမှာစကားပြောကြားရာတွင် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကို ငြိမ်းချမ်းရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး လူငယ်များပါဝင်မှုကို မြှင့်တင်ပေးဆိုသည့် ဦးတည်ချက်ဖြင့် ကျင်းပဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဖိုရမ်ဟာ လူမျိုး၊ ဒေသ၊ ယဉ်ကျေးမှုနှင့်လူမှုနောက်ခံ မတူကွဲပြားတဲ့ လူငယ်များကို စုစည်းပြီး မိမိတို့၏အမြင်များကို မျှဝေရန်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် လူမှု အသိုက်အဝန်းတည်ငြိမ်ရေးသည် လူငယ်များပါဝင်မှုနှင့် ဆောင်ရွက်ချက်များအရေးကြီးမှုကို ပေါ်လွင်စေရန်၊ လူငယ်များ အတွက် အခွင့်အလမ်းများဖန်တီးပေးရန်၊ ရေရှည်တည်တံ့ ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေး၊ လူမှု လုပ်ငန်းဆိုင်ရာ အနာဂတ်စီမံချက်တစ်ရပ် ရေးဆွဲနိုင်ရန်အတွက် လူငယ်များရဲ့ အကြံပြုချက်များရရှိစေရန်နှင့် ရွေးကောက်ပွဲလွန် ကာလများမှာ လူငယ်များရဲ့ လက်တွေ့ကျတဲ့ အခန်းကဏ္ဍများကို ဖော်ထုတ်နိုင်ရန်စတဲ့ ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့ခေတ် လူငယ်များဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ

စာမျက်နှာ ၁၈ သို့ ►

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထိန်လင်းအာရှဖလား ဘောလုံးပြိုင်ပွဲ အသက် (၁၇) နှစ်အောက် ချစ်ကြည်ရေး ခြေစမ်းပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ





ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းမှ အာရှဖလား ဘောလုံးပြိုင်ပွဲ အသက် (၁၇) နှစ်အောက် ချစ်ကြည်ရေး ခြေစမ်းပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့ နေ့လယ် (၁၃:၀၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၊ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာ ဝန်ကြီးဦးဌေးအောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်(ငြိမ်း) ဦးကျော်ဆန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဌာန ဆိုင်ရာအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထိန်လင်းက အဖွင့် အမှာစကားပြောကြားရာတွင် အာရှဖလားဘောလုံးပြိုင်ပွဲ အသက် (၁၇) နှစ်အောက် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်း နှင့် အသက် (၁၇) နှစ်အောက် အိန္ဒိယလက်ရွေးစင်ဘောလုံး အသင်း ချစ်ကြည်ရေးခြေစမ်းပွဲကို မတ်လ ၃ ရက်နေ့မှ ၅ ရက်နေ့ အထိ အိမ်ရှင်အဖြစ် သုဝဏ္ဏဘောလုံးကွင်းတွင် ကျင်းပပြုလုပ် သွားမှာဖြစ်ကြောင်း၊ အသင်းများအတွက် ပြည်ဝင်ခွင့်ဆိုက်ရောက် ဗီဇာ ကင်းလွတ်ခွင့်ရရှိရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ညှိနှိုင်းဆောင်ရွက်ပေးထားပြီး ဖြစ် ကြောင်း၊ အိန္ဒိယလက်ရွေးစင် အမျိုးသားဘောလုံးအသင်း ပြိုင်ပွဲ ကွင်းသို့ လာရောက်သည့်အချိန်၊ ပြိုင်ပွဲကစားနေသည့်အချိန်နှင့် ပြိုင်ပွဲကွင်းမှ ပြန်လည်ထွက်ခွာသည့် အချိန်များတွင် လုံခြုံရေး

စာမျက်နှာ ၁၉ သို့ ►

စာမျက်နှာ ၁၇ မှအဆက် ►

အရေးပါတဲ့ အခန်းကဏ္ဍများစွာမှာ ပါဝင်နေတာဖြစ်တဲ့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ လူ့စွမ်းအား အရင်းအမြစ်များဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်ကိုဦးဆောင်ပြီး နိုင်ငံတော်ရဲ့တာဝန်များကို လက်ဆင့်ကမ်း ပုခုံးပြောင်းတာဝန်ယူရမှာဖြစ်တဲ့အတွက် လူငယ် များအားလုံးဟာ နိုင်ငံတော်အတွက် အဓိကအင်အားဖြစ်ကြောင်း၊ လူငယ်များရဲ့အရည်အသွေး စွမ်းဆောင်ရည်နှင့် စိတ်ဓါတ်တွေ မြင့်မားလာပြီး ဆင်ခြင်တုံတရားနှင့် မှန်ကန်စွာတွေးခေါ် မျော်မြင် လာနိုင်သည်နှင့်အမျှ နိုင်ငံတော်နှင့်လူ့အဖွဲ့အစည်းကို ကောင်းသ ထက်ကောင်းအောင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ လူငယ် များအနေနှင့် မိမိတို့ရဲ့ဘဝဖွံ့ဖြိုး တိုးတက်ဖို့အတွက် အစဉ်အမြဲ ကြိုးစားနေရမည်ဖြစ်ကြောင်း၊ ယခုထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲမှ တဆင့်ရရှိသည့် အတွေ့အကြုံကောင်းများကို လေ့လာမှတ်သား ရင်း နိုင်ငံအကျိုး၊ အများပြည်သူအကျိုးကို တတ်စွမ်းသမျှ သယ်ပိုးဆောင်ရွက်ပြီး အနာဂတ်ရဲ့ ပွဲကိုင်ရှင်များ၊ အနာဂတ်ရဲ့ ခေါင်းဆောင်များဖြစ်အောင် ကြိုးစားသွားကြစေလိုကြောင်း လမ်းညွှန် မှာကြားပါသည်။

ဆက်လက်၍ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အမှတ်တရ ဗီဒီယို ကလစ်အား ပြသခဲ့ပြီး လူငယ်ငြိမ်းချမ်းရေးဖိုရမ်သို့ တက်ရောက် ခဲ့သည့် အုပ်ချုပ်သူ လူငယ်ကိုယ်စားလှယ်တစ်ဦးမှ ဖိုရမ်သို့ တက်ရောက် ခဲ့သည့် အတွေ့အကြုံအား ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ လူငယ်ကိုယ်စားလှယ်များက လက်နက်ကိုင် ပဋိပက္ခများ လျော့ချရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး ခေါင်းစဉ်အားလည်းကောင်း၊ လူမှုရေး၊ ပညာရေး နှင့်ယဉ်ကျေးမှု မြှင့်တင်ခြင်း လူမျိုးပေါင်းစုံအတူယှဉ်တွဲ နေထိုင် ရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် အားကစား၊ လူငယ်ကျန်းမာရေး စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ခေါင်းစဉ် အားလည်းကောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ အသိပညာများ အတွေ့အကြုံများ လက်ဆင့်ကမ်းခြင်းနှင့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ၊ စွန့်ဦးတီထွင်မှုများမှတစ်ဆင့် ဟန်ချက်ညီ၍ ငြိမ်းချမ်းသောနိုင်ငံတော်ကို တည်ဆောက်ခြင်း ခေါင်းစဉ်အားလည်းကောင်း၊ သတင်းအချက်အလက်နည်းပညာ (IT)၊ ဉာဏ်ရည်တုနည်းပညာ (AI)၊ ဆိုက်ဘာ(Cyber) အွန်လိုင်း လုံခြုံရေး (Online Security) လူမှုကွန်ရက်မီဒီယာ (Social Media) ထိရောက်သော သတင်းမှန် ပြန်ကြားရေးခေါင်းစဉ်များကို လူငယ် ငြိမ်းချမ်းရေးဖိုရမ်သို့ တက်ရောက်ခဲ့သည့် လူငယ်ကိုယ်စားလှယ် များက အသီးသီးဆွေးနွေးကြပြီး အုပ်ချုပ်သူလူငယ်ကိုယ်စားလှယ် တစ်ဦးက လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ လူငယ်ကြေညာ စာတမ်းအား ကြော်ငြာရွတ်ဆိုခဲ့ပါသည်။

အခမ်းအနားတွင် ပြည်တက္ကသိုလ်၊ ပြည်ပညာရေးကောလိပ်၊ ပြည်သူ့နာပြုနှင့်သားဖွားသင်တန်းကျောင်းနှင့် ပေါက်ခေါင်းမြို့နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းမှ လူငယ်မောင်မယ် များက သီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ပြီး တာဝန်ရှိသူများမှ အက အဖွဲ့များနှင့် ဆွေးနွေးပြောကြားသည့် လူငယ်ကိုယ်စားလှယ် များကို အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ပါသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထိန်လင်း မြန်မာ့ပြေးခုန်ပစ် အားကစားအဖွဲ့ ဂုဏ်ပြုပွဲအခမ်းအနားတက်ရောက်





ရန်ကုန်၊ ဖေဖော်ဝါရီ ၂၂

ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့ကြသော မြန်မာ့ပြေးခုန်ပစ် အားကစားအဖွဲ့အား ဂုဏ်ပြုခြင်းအခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီအချိန်က ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ကြေးရုပ်အနီးရှိ Royal Garden Restaurant ၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်ဦးနှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ နည်းပြဆရာများ၊ ဆုရအားကစားသမားများနှင့် ဖိတ်ကြားထားသောအလှူရှင်များတက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ၂၀ ကီလိုမီတာ လမ်းလျှောက်အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတို့တွင် ငွေတံဆိပ်ဆုရ နိုင်လင်းထွန်းနှင့် ဇင်မေထက်တို့အား ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၁၀၀ စီ၊ နည်းပြတစ်ဦးလျှင် ဂုဏ်ပြု ဆုငွေကျပ်၂၅ သိန်းစီ၊ အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲ၌ လှံတံပစ်အသက် (၁၈) နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ချစ်မင်းအောင်အား ဂုဏ်ပြုဆုငွေကျပ် သိန်း ၅၀၊ ၁၅၀၀ မီတာ တာလတ်အသက် (၂၀) နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရ ရဲရင့်အောင်အား ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၂၀၊ နည်းပြတစ်ဦးလျှင် ဂုဏ်ပြုဆုငွေ ကျပ် ၁၀ သိန်းစီ၊ အထူးဂုဏ်ပြုဆု အနေနှင့် အထွေထွေအတွင်းရေးမှူးအား ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၂၀ နှင့် ဒိုင်လူကြီးကဏ္ဍခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေ ကျပ် ၅ သိန်းအား အသီးသီးပေးအပ်ချီးမြှင့်ပေးခဲ့သည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးက ကျေးဇူးတင်စကားနှင့် ဆက်လက်ဆောင်ရွက်ရမည့် ရေရှည်လုပ်ငန်းစဉ်များအား တင်ပြခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းတို့က ၂၀၂၅ ခုနှစ်အတွင်း ထောက်ပံ့လှူဒါန်းခဲ့ကြသည့် စေတနာရှင်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ပေးခဲ့ပြီး ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရသည်။

---

စာမျက်နှာ ၁၈ မှအဆက် ►

ကိစ္စရပ်များအား ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ ပြိုင်ပွဲဝင်အသင်းတည်းခိုနေထိုင် စားသောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာကိစ္စရပ်များ၊ ယာဉ်လမ်းကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရေးတို့ကို သက်ဆိုင်ရာဌာနများမှ အလေးထားဆောင်ရွက်ပေးစေလိုကြောင်း၊ ပြိုင်ပွဲများ အောင်မြင်စွာလက်ခံကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ ဝိုင်းဝန်းကူညီပံ့ပိုးပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ပြိုင်ပွဲလက်ခံ ကျင်းပခြင်းကိစ္စရပ်များ ဆွေးနွေးပြောကြားခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူးဦးထွန်းထွန်းအောင်က ဘောလုံးပြိုင်ပွဲနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိပုဂ္ဂိုလ်များက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးဆွေးနွေးတင်ပြခဲ့ကြပြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်(ငြိမ်း)နှင့် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ပြိုင်ပွဲနှင့်ပတ်သက်သည့် လိုအပ်ချက်များအား ထပ်မံဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် ဒုတိယဝန်ကြီးက လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးကို အထူးဂရုစိုက်ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်းမှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်းသိရသည်။

---

စာမျက်နှာ ၁၆ မှအဆက် ►

ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အိုလံပစ်ကောင်စီအဖွဲ့ဝင်များ၏ အကြံပြုဆွေးနွေး တင်ပြချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်သင့်လျော်သည့် အားကစားဆိုင်ရာ ဗဟာဗျူဟာစီမံကိန်းများ ရေးဆွဲသတ်မှတ်ပြီး ရေတို၊ ရေရှည်စီမံချက်များ၊ စခန်းဝင်လေ့ကျင့်မှုများနှင့် အုပ်ချုပ်စီမံ ထောက်ပံ့ပေးမှုကိစ္စရပ်များ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အားကစားအဖွဲ့ချုပ်များကို ပြန်လည်စိစစ်၍ ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီအဖွဲ့ဝင်များကလည်း သက်ဆိုင်ရာကဏ္ဍများအလိုက် လိုအပ်သည်များကို ပေါင်းစပ်ကူညီဆောင်ရွက်ပေးသွားရန် ပြောကြားခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

# ပီတန်းနည်းပြသင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲ အခမ်းအနားနှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ လူငယ်သင်တန်းကျောင်းများတွင် အားကစားသင်တန်းများ ဖွင့်လှစ်ရေး စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





နေပြည်တော်၊ ဖေဖော်ဝါရီ ၂၃

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှကြီးမှူး၍ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပီတန်းအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ပီတန်းနည်းပြသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသို့တက်ရောက်လာကြသော သင်တန်းသား/သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်ဂါရဝပြုခဲ့ပြီးနောက် ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ပီတန်းအားကစားနည်းသည် ပြင်သစ်နိုင်ငံ၏ ရိုးရာအားကစားနည်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်၊ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး ကျင်းပခဲ့ချိန်တွင် စတင်ရောက်ရှိလာခဲ့ပြီး အချိန်အားဖြင့် (၁၄) နှစ်သက်တမ်းသာရှိသည့်အတွက် အရှေ့တောင်အာရှနိုင်ငံများတွင် ပီတန်းအားကစားနည်း ထွန်းကားမှု အနုနယ်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံထက် နှစ်ပေါင်း ၅၀ ကျော် သက်တမ်းရှိဒေသတွင်း မိတ်ဖက်နိုင်ငံများဖြစ်ကြသည့် ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှားစသည့် နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရုံသာမက မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ပြည်ပပြိုင်ပွဲများကို သွားရောက်ယှဉ်ပြိုင်ခြင်း၊ အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းများကို ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပြီး အရှေ့တောင်အာရှ၊ အာရှနှင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင်လည်း အောင်မြင်မှုများရရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ပီတန်းအဖွဲ့ချုပ်အနေဖြင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် (၅) ခု၊ ငွေတံဆိပ် (၁) ခု၊ ကြေးတံဆိပ် (၅) ခု၊ အာရှအဆင့်ပြိုင်ပွဲများတွင် ရွှေတံဆိပ်(၁)ခု၊ ငွေတံဆိပ်(၁)ခု၊ ကြေးတံဆိပ်(၁)ခုနှင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် ရွှေတံဆိပ်(၁)ခု၊ ကြေးတံဆိပ် (၁) ခုတို့ကို ဆွတ်ခူးရရှိခဲ့ပြီး အာဆီယံဒေသအတွင်းသာမက ကမ္ဘာ့အဆင့်အထိ ရင်ပေါင်တန်းနိုင်သည့် အခြေအနေကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ သင်တန်းတက်ရောက်လာသည့် နည်းပြများအနေဖြင့် မိမိတို့ဌာနများကို ပြန်လည်ရောက်ရှိသည့်အခါ သင်တန်းတွင် သင်ကြားပို့ချပေးခဲ့သည့် သင်ခန်းစာများကို ပြန်လည်အသုံးချပြီး မျိုးဆက်သစ် အားကစားသမားများရရှိစေရေး၊ ပီတန်းအားကစားနည်း ပိုမိုတိုးတက်ပြန့်ပွားစေရေးအတွက်အားထည့်၍ စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားရသည့် အားကစားသမားများ ပေါ်ထွက်လာအောင် ယခုသင်တန်းမှ နည်းပြများနှင့် မြန်မာနိုင်ငံပီတန်းအဖွဲ့ချုပ်မှ နည်းပြတာဝန်ရှိသူတို့က ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် အရည်အချင်းပြည့်ဝသည့် နည်းပြကောင်းများဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ အခမ်းအနားအားရုပ်သိမ်း ခဲ့သည်။

ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်စန်းစန်းအေး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လူငယ်သင်တန်းကျောင်းများမှ ဆရာ/ဆရာမများ၊ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့်အတူ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူငယ်သင်တန်းကျောင်းများတွင် အားကစားသင်တန်းများ ဖွင့်လှစ်ရေးအတွက် စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ ဘက်စုံသုံးခန်းမ၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယဝန်ကြီး ဦးထိန်လင်းက အဖွင့်အမှာစကားပြောကြားရာတွင် လူငယ်သင်တန်းကျောင်း (၁၀) ကျောင်းနှင့် ကလေးပြုစုရေးဌာန (၃) ကျောင်း၊ စုစုပေါင်း (၁၃) ကျောင်းမှ သင်တန်းသား/သင်တန်းသူများအား အားကစားသင်တန်းများ ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးရန်အတွက် ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ ကရာတေး၊ ဘော်လီဘော၊ အမျိုးသမီးအားကစား (အေရိုးဗစ်၊ Fitness Dance)၊ လက်ဝှေ့၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်၊ သိုင်း၊ ဘောလုံး၊ ဖူဆယ်၊ ဝူရှူး၊ ဂျူဒိုနှင့် အလေးမ အားကစားနည်း (၁၅)နည်းတို့မှ သင်တန်းနည်းပြများ စေလွှတ်သွားမည်ဖြစ်၍ သင်တန်း ဖွင့်လှစ် သင်ကြား ပို့ချပေးမည့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များအနေဖြင့် ဇွန်လ (၁) ရက်နေ့တွင် သင်တန်းများ အောင်မြင်စွာဖွင့်လှစ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ လူငယ်များကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း လေ့ကျင့်သင်ကြားပေးရမည့် အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း၊ အားကစားအဖွဲ့ချုပ်များ အနေဖြင့် စေတနာထားပြီး ကြိုးစားသင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ဗလငါးတန်နှင့်ပြည့်ဝသော လူငယ်များဖြစ်လာစေရေးနှင့် မျိုးဆက်သစ်လူငယ် အားကစားသမားများရရှိလာနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး အစည်းအဝေးတက်ရောက်လာကြသူများက အပြန်အလှန် ဆွေးနွေးတင်ပြခဲ့ကြပြီးနောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်ပြောကြားရာတွင် သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်း လုပ်ငန်းအစပြုနိုင်ရန်အတွက် ယခုအစည်းအဝေးအား ကျင်းပရခြင်းဖြစ်ကြောင်း၊

စာမျက်နှာ ၂၁ သို့ ►

# ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ “လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆” နှင့်ပတ်သက်၍ အတွေ့အကြုံ ရှင်းလင်းပွဲ အခမ်းအနား ကျင်းပ






ရန်ကုန် ဖေဖော်ဝါရီ ၂၅

“လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆” နှင့် ပတ်သက်၍ အတွေ့အကြုံရှင်းလင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) နှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းကော်မတီမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူငယ်ရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဆရာ/ဆရာမများ၊ အုပ်ချုပ်သူများ၊ လူငယ်ကိုယ်စားလှယ်များ၊ အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီမှအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တော်အလံအား အလေးပြုကြသည်။

ထို့နောက် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026) ၏ “ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေး လူငယ်များ ပါဝင်မှုကို မြှင့်တင်ပေး” Video Clip အားပြသသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ငြိမ်းချမ်းရေးဖိုရမ် ထပ်ဆင့်ရှင်းလင်းပွဲ ဆောင်ရွက်မှုနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ ၎င်းနောက် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ လှုပ်ရှားဆောင်ရွက်မှု Video Clip အား ပြသသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး၊ လူငယ်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ လူမှုရေးရာဝန်ကြီး ဦးငွေအောင်က ဖိုရမ်တက်ရောက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)နှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)တို့အား နေရာအရောက် “လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆” အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းအား “လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆” အမှတ်တရ ဂုဏ်ပြုလက်ဆောင်အား လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်က အဆိုတော် J Fire အား ဂုဏ်ပြု ချီးမြှင့်ငွေအားလည်းကောင်း အသီးသီးပေးအပ်ခဲ့ကြပြီး အဆိုတော် J Fire မှ Peace သီချင်းဖြင့် ဖျော်ဖြေ တင်ဆက်သည်။

ထို့နောက် ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)က လူငယ်များအတွက် နိုင်ငံတည်ဆောက်ရေးနှင့် လူငယ်ဆိုင်ရာ ဗဟုသုတများကို လည်းကောင်း၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းကော်မတီမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း) က Trust and Confidence Building Measures in Peace Building ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ယုံကြည်မှုနှင့် ယုံကြည်မှု တည်ဆောက်ခြင်းဆိုင်ရာ အစီအမံများကိုလည်းကောင်း အသီးသီးရှင်းလင်း ပြောကြားခဲ့ကြကြောင်း သိရသည်။

---

စာမျက်နှာ ၂၀ မှအဆက် ►

လူငယ်များအားကစားကို စိတ်ပါဝင်စားလာစေရန်အတွက် ပထမအဆင့်အနေဖြင့် အခြေခံအဆင့် အားကစားနည်းများကိုသာ သင်ကြားလေ့ကျင့်ပေးသွားစေလိုကြောင်း၊ အဖွဲ့ချုပ်များနှင့် သင်တန်းနည်းပြများအနေဖြင့် လုံ့လ၊ ဝီရိယနှင့် စေတနာထား၍ စနစ်တကျဖြင့် ထိရောက်မှုရှိအောင် သင်ကြားလေ့ကျင့်ပေးစေလိုကြောင်း၊ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အောင်မြင်အောင်မည်သို့လုပ်ရမည်ဆိုသည်ကို သိရမည်၊ အဆင့်ဆင့်လုပ်ရမည့် နည်းလမ်းကို သိရှိပြီး အကောင်အထည်ဖော် လုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာကဏ္ဍများအလိုက် ဝိုင်းဝန်းပေါင်းစပ်၍ ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

---

စာမျက်နှာ ၂၅ မှအဆက် ►

ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆောင်လမ်းပြများဖြစ်လာနိုင်သည်။ အားကစားကွင်းအတွင်းရရှိလာသော အတွေ့အကြုံများဖြစ်သော အနိုင်အရှုံးကို ရင်ဆိုင်တတ်ခြင်း၊ ဖိအားများကြားမှ ဆုံးဖြတ်ချက်ချတတ်ခြင်း၊ မိမိထက်သာသူကို လေးစားတတ်ခြင်းတို့သည် ဘဝ၏စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားနိုင်သည့်စွမ်းရည်ကို ဖြည့်ဆည်းပေးသည်။

ထို့ကြောင့် စွမ်းရည်ထက်မြက်သော လူငယ်များဖြင့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရန်အတွက် လူငယ်တိုင်း အားကစားပြုလုပ်ခွင့်ရရှိရေးသည် အရေးကြီးလှပါသည်။ အားကစားသည် ရွေးချယ်ခံလူအနည်းစုအတွက်သာမဟုတ်ဘဲ လူတိုင်း၏ဘဝ တစ်စိတ်တစ်ဒေသ ဖြစ်လာရန်လိုအပ်သည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း မန္တလေး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း/အားကစားရုံ၊ ရေကူးကန်နှင့်ရွှေကြာပင် အားကစားကွင်း၊ မိုးလုံလေလုံအားကစားရုံနှင့် ဒက္ခိဏသီရိမြို့နယ်အားကစားကွင်းများသို့ လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ ဖေဖော်ဝါရီလ ၂၈

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ညွှန်ကြားရေးမှူး ဦးမင်းမင်းထွန်းနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မန္တလေး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၊ ရေကူးကန်၊ အားကစားရုံ(C)နှင့် ရွှေကြာပင် အားကစားကွင်းအတွင်းရှိ ဘောလုံးကွင်း၊ မိုးလုံလေလုံအားကစားရုံနှင့် ဒက္ခိဏသီရိမြို့နယ်အားကစားကွင်း ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ခေတ်လှေကားများ ပြန်လည်ပြုပြင်ပြီးစီးမှု၊ VIP အထူးတန်းပွဲကြည့်စင် မှန်များနှင့် မီးလိုင်းများ ပြန်လည်ပြုပြင်တပ်ဆင်ပြီးစီးမှု အခြေအနေများ၊ ဘောလုံးကွင်း မီတာ ၄၀၀ Synthetic ပြေးလမ်းခင်းကျင်းရန်အတွက် AC အလွှာခင်းကျင်းပြီးစီးမှု အခြေအနေ၊ မြက်ခင်းပြင် စိမ်းလန်းစိုပြည်စေရေးအတွက် ရေဖျန်းစနစ်တပ်ဆင်ထားရှိမှု အခြေအနေများ၊ အားကစားသမားနားနေခန်း၊ အဝတ်လဲခန်း၊ ဒိုင်လူကြီးများ နားနေခန်း၊ သန့်စင်ခန်းအုတ်နံရံနှင့် နံရံပလာစတာများ ပြန်လည်ဖာထေးပြုပြင်ပြီးစီးမှု အခြေအနေများ၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C) မျက်နှာစာရှိ ကားပတ်လမ်း ပြန်လည်ခင်းကျင်းပြီးစီးမှု အခြေအနေ၊ ရုံအတွင်းဘက် အုတ်နံရံနှင့်ပွဲကြည့်စင် ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိရေကူးကန်သို့ သွားရောက်၍ မီတာ ၅၀ ပြိုင်ပွဲသုံး ရေကူးကန်နှင့် ဒိုင်ဗင်ကန် ပြန်လည်ပြုပြင်ပြီးစီးမှု၊ ရေကူးကန်အတွင်းသို့ ရေဖြည့်သွင်းထားမှုနှင့် ရေသန့်စင်ထားမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု ရာခိုင်နှုန်းအလိုက် အချိန်မီပြီးစီးစေရေးနှင့် သတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ အရည်အသွေးကောင်းမွန်စေရေးတို့အတွက် တာဝန်ရှိသူများက စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်၊ တည်ဆောက်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မိမိတို့ဝန်ကြီးဌာန အနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်၍ အခက်အခဲများရှိပါကအချိန်နှင့်တစ်ပြေးညီတင်ပြဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြည်ထောင်စုနယ်မြေ ရွှေကြာပင်အားကစားကွင်းအတွင်းရှိ ဘောလုံးကွင်း မြက်ခင်းပြင်ပြန်လည် စိုက်ပျိုးပြီးစီးမှုနှင့် ရေဖျန်းစနစ်တပ်ဆင်ပြီးစီးမှု အခြေအနေ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် မီတာ ၄၀၀ Synthetic ပြေးလမ်းအသစ် ပြန်လည်ခင်းကျင်းပြီးစီးမှု အခြေအနေ၊ ပေ(၄၈၀x၆၀) အနောက်ဘက် အထူးတန်း ပွဲကြည့်စင်နှင့် ပေ(၁၈၀x၁၅၀) မိုးလုံလေလုံ အားကစားရုံ ရှေ့မျက်နှာစာ Composite အပြားများ တပ်ဆင်ပြီးစီးမှုအခြေအနေ၊ ပွဲကြည့်စင်များနှင့် နံရံများ ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ LED ဘုတ်ပြားပြုပြင်ပြီးစီးမှု၊ ရေလိုင်းမီးလိုင်းများ ပြန်လည်ပြုပြင် တပ်ဆင်ပြီးမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့ရာ ဒုတိယဝန်ကြီးက သတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီသည့် Synthetic ပြေးလမ်းပါ ဘောလုံးကွင်း ရေရှည်တည်တံ့စေရေး၊ မြက်ခင်းများ စိမ်းလန်းစိုပြည်စေရေး၊ အားကစားကွင်း/အားကစားရုံ သန့်ရှင်းရေးနှင့် မြက်ဖြတ်ခြင်း လုပ်ငန်းများကို ပုံမှန်ပြုလုပ်၍ ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ လယ်ဝေးခရိုင်အတွင်းရှိ၊ ဒက္ခိဏသီရိမြို့နယ်အားကစားကွင်း မြေသားပြေးလမ်းခင်းကျင်းရန်အတွက် ကွင်းမြေညှိခြင်းလုပ်ငန်း၊ ဘောလုံးကွင်းကြမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ငါးရိုးရေစိမ့်မြောင်း ထည့်သွင်းပြီးစီးမှု၊ ၄ လက်မ ကျောက်ခင်းခြင်းနှင့် အတွင်းရေနုတ်မြောင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဂါလံ ၈၀၀၀၀ဆံ့ ရေစုကန်(Ground Water Tank) မြေတူးခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် 100 KVA Transformer တပ်ဆင်ပြီးစီးမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရေ၊ မီးသုံးစွဲမှု အဆင်ပြေစေရေးအတွက် ရေလိုင်း၊ မီးလိုင်းများ စနစ်တကျသွယ်တန်းထားရှိရေးအတွက် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများကို မှာကြားခဲ့ပြီးနောက် ခြံစည်းရိုးအုတ်တံတိုင်းပတ်လည် အောက်ခြေဘက်ရှိ ခြုံနွယ်များ ရှင်းလင်းပေးသွားရန်၊ အားကစားကွင်း/အားကစားရုံများ ရေရှည်တည်တံ့စေရေး၊ ပြိုင်ပွဲများကျင်းပပေးနိုင်ရန်နှင့် ပြည်သူများလာရောက် လေ့ကျင့်နိုင်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

# သတင်းစာထဲဖော်ပြမခံရသော ဆောင်းပါးတစ်ပုဒ်

ရဲလွင်အောင်(YU)

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ကတော့ ပြီးသွားပါပြီ။ နောင်နှစ် ၂၀၂၇ ခုနှစ် မလေးရှား အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ထပ်မံပြင်ဆင်ကြရပါတော့မည်။ အားကစား ဌာနက အရာထမ်း/အမှုထမ်း အားလုံးအတွက်တော့ အမျိုးသားရေး တာဝန်ကြီးတစ်ရပ်ပါပဲ။ ကျွန်တော်ကတော့ ဌာနအကြီးအကဲ တာဝန်ပေးထားသော ကလောင်စွမ်းဖြင့် တတ်နိုင်သမျှ တာဝန်အရ ဝါသနာအရဒီဌာနမှာ ရှိနေချိန်အကြံဉာဏ်တွေပေး နေပါအုန်းမည်။

ပြည်ထောင်စုဝန်ကြီး တာဝန်ပေး၍ မိမိဆောင်းပါးများ ကြိုးစား ပြုစုပါသည်။ တချို့ထည့်သွင်းဖော်ပြခံရသည်။ တချို့ ထည့်သွင်း မခံရပေ။ မှတ်မှတ်ရရဖြစ်ခဲ့သည်က ၂၀၂၅ ခုနှစ် အသက်(၂၅) နှစ်နှင့် အောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆီးဂိမ်းအတွက် အားကစားစခန်းများကို တစ်ရက် တည်း ပြည်ထောင်စုဝန်ကြီးက လိုက်လံကြည့်ရှု အားပေးသည်။ သတင်းထည့်ရာတွင် အကြောင်းအရာနှစ်ခုစလုံးပါအောင် ထည့်သည်။ သို့သော် အဆိုပါသတင်းနှစ်ပုဒ်က မိမိရဲ့ဘဝအတွက် အမှတ်တရ ဖြစ်စေပါတယ်။ မိမိတို့ပြီးခဲ့တဲ့ 33rd SEA GAMES မှာ ရွှေ (၃)ခု ရခဲ့တဲ့ အားကစားနည်းများကို အဆိုပါနေ့တစ်ရက်တည်း ဝန်ကြီး လိုက်လံအားပေးခဲ့တာ၊ အဲဒီနေ့ကအားပေးခဲ့တဲ့ အားကစားအဖွဲ့ တွေထဲကမှ ထိုင်းဆီးဂိမ်းမှာ မြန်မာတို့ ရနိုင်တဲ့ဆုတွေက ရွှေ၊ ငွေ၊ ကြေး (၁၀) ဆုမကဟု မိမိရိုးသားစွာ ခန့်မှန်းရေးသားခဲ့သည့် အတိုင်း ရွှေ (၃) ဆုရသည့် အဖွဲ့ချုပ်တွေပါဝင်နေတာ တွေ့ရပါ မည်။ ဒါကြောင့် ကျွန်တော့ရဲ့ သတင်းစာထဲမှာ ဖော်ပြမခံရသော ဆောင်းပါးလေးကို နောက်ဆက်တွဲအနေဖြင့် ဖတ်ရှုအားပေးကြပါ ဖိတ်ခေါ်ပါရစေ။ ဆောင်းပါးခေါင်းစဉ်မှာ.....................

**(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်ပွဲဆီသို့**

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး မကြာမီ စတင်ကျင်းပပါတော့မည်။ အိမ်ရှင်က ယခင်ယိုးဒယားဟု ခေါ်ဝေါ်သမုတ် ခဲ့သော ထိုင်းနိုင်ငံဖြစ်သည်။ မိမိငယ်စဉ်က ဖတ်မှတ်လေ့လာခဲ့သော မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းသင်ခန်းစာများကို တစ်ခါတစ်ရံတွေးမိ သည်။ မိမိတို့က ဘုရင်စနစ်ပျောက်သွားပြီး သူတို့ကစည်းမျဉ်းခံ ဘုရင်စနစ်ရှိသေးသည်။

အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါး၏ တတိယအချက်ဖြစ်သော တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးဟူ သည့် အချက်ကိုလည်း အထောက်အကူပြုနေသည်မှာ အားကစား လုပ်ငန်းဖြစ်ပေသည်။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေး ကောင်စီ ၏ ဦးတည်ချက် (၄) ရပ်အနက် တတိယအချက်တွင် “နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေးအတွက် အမျိုးသား ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး” ဟု ဖော်ပြပါရှိပါသည်။ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေး မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရမည်မှာ ပညာရေး၊ ကျန်းမာရေး ကဏ္ဍတို့က ပဓာနကျသည်မှာ အထူးပြောစရာမလို၊ ကျွန်တော်က အားကစားဌာနဝန်ထမ်းဆိုတော့ အဆိုပါ ဦးတည်ချက်မှာပါရှိသော ပညာရေးနှင့် ကျန်းမာရေးကဏ္ဍနှစ်ခုစလုံး အောင်မြင်ဖို့ အကောင် အထည်ဖော်ရာမှာ မိမိတို့အားကစားကဏ္ဍက အခြေခံကျသည်ကို သဘောပေါက် နားလည်မိပါသည်။ ခေတ်မီနိုင်ငံတော်ကြီးတစ်ရပ် ထူထောင်ရာမှာ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ ဗလ၊ မိတ္တဗလနှင့် ပြည့်စုံသော ခေတ်ပညာတတ် လူငယ်၊လူရွယ်များ ဖြစ်ထွန်းလာ ရေးမှာ အားကစားကဏ္ဍက အဓိကကျသလို ကျန်းမာရေးအတွက် ကိုယ်ရောစိတ်ပါ ကျန်းမာသန်စွမ်းဖြစ်ပေါ်လာရေးမှာလည်း အားကစား ကဏ္ဍက အဓိက ကျနေသည် မှာ “လယ်ပြင်မှာ ဆင်သွားသကဲ့သို့” ရှင်းလင်းလွယ်ကူစွာ သိနားလည်မိပါသည်။

အတိတ်ကာလ လွန်ခဲ့သောနှစ်ပေါင်း ၆၀ ဝန်းကျင်ခန့်က တိုင်းရင်းသား ညီအစ်ကိုအပေါင်းက စုစည်းညီညာစွာ ပါဝင်ယှဉ်ပြိုင် ခဲ့သော ကျွန်းဆွယ်အားကစားပြိုင်ပွဲ (ယခုအခေါ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ)ကြီးမှာ တာဝန်ကျေပွန်ခဲ့သော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ရန်ကုန်တိုင်းဒေသကြီး၊ အောင်ဆန်း အားကစားပြိုင်ကွင်းထဲမှာ တစ်စုတစ်စည်းတည်း လေ့ကျင့်ခဲ့ကြသည်။ ကျွန်းဆွယ်ခေတ်မှသည် ယနေ့ခေတ်အထိ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၊ မြန်မာတိုင်းရင်းသား မဟုတ်သော်လည်း မြန်မာနိုင်ငံ သားခံယူထားသူ ဘာသာမတူသော လူမျိုးမတူသော လက်ရွေးစင် အားကစားသမား အပေါင်းတို့ကလည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအောက်တွင် ပါဝင်ယှဉ်ပြိုင်ကြကာ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ဆွတ်ခူးပေးခဲ့ကြသည်။ တိုင်းတစ်ပါး မြေတွင် မြန်မာနိုင်ငံတော်အလံကို မြန်မာနိုင်ငံတော်သီချင်းသံနှင့် အတူ မျက်ရည်ဝဲရလောက်အောင် အလံတိုင်ထိပ်သို့ရောက်အောင် စွမ်းခဲ့ ကြပေသည်။ သူတို့ရဲ့နုပျိုသော ငယ်ဘဝကလေးများကို အားကစား လောကတွင် နှစ်ပေါင်းများစွာ ပေးဆပ်ခဲ့ကြသည်။ အလားတူပေးဆပ် သူတိုင်းလည်း မအောင်မြင်ဘဲ (ရွှေ၊ ငွေ၊ ကြေး) ဆုတံဆိပ်မရပါဘဲ အားကစားလောကမှ ထွက်ခွာသွားရသူများရှိသလို တချို့လည်း ကိုယ်တိုင် အားကစားသမားဘဝတွင် မထွန်းပေါက်မအောင်မြင် ခဲ့သော်လည်း အုပ်ချုပ်သူ/နည်းပြဘဝ၊ တာဝန်ထမ်းဆောင်ချိန်မှာ ခေတ်မီအားကစားနည်း စနစ်များနဲ့ မျိုးဆက်သစ်အားကစားသမားများ ပေါင်းစပ်လေ့ကျင့်ပေးပြီး ဆုတံဆိပ်ရ အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး အားကစားလောကမှာ ဆက်လက်မြှုပ်နှံ၍ ဆောင်ရွက်လျက်ရှိကြသည်။

မကြာခင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၉) ရက်နေ့မှ (၂၀) ရက်နေ့ အထိ ထိုင်းနိုင်ငံ၏ မြို့ကြီး(၃)မြို့ဖြစ်သော ဘန်ကောက်မြို့၊ ချွန်ဘူရီမြို့နှင့် ဆွန်ခလာမြို့တို့တွင် အားကစားနည်း (၅၄) မျိုးကိုခွဲ၍ လက်ခံကျင်းပသွားမည်ဖြစ်သည်။ မြန်မာအားကစားအဖွဲ့ အနေဖြင့် အားကစားနည်း(၃၉) နည်းခန့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အဖက်ဖက် က ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

လတ်တလော ရေပန်းစားနေသော မြန်မာပြည်သူလူထု ပထမ ရွှေတံဆိပ်ဆု မျှော်လင့်နေသည့် မြန်မာအမျိုးသမီးဘောလုံးအသင်း သည် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မလေးရှားနှင့်အင်ဒိုနီးရှား အမျိုးသမီး ဘောလုံးအသင်းများနှင့်အတူ တစ်အုပ်စုတည်းကျရောက်နေသည်ကို တွေ့ရပါသည်။ တစ်ဖက်အုပ်စုတွင် ကမ္ဘောဒီးယား၊ ထိုင်း၊ လာအိုနှင့် စင်္ကာပူတို့ပါဝင်ပြီး အာဆီယံနိုင်ငံ စုစုပေါင်း(၁၁)နိုင်ငံအနက် အရှေ့ တီမောနှင့် ဘရူနိုင်းနိုင်ငံတို့ ဝင်ရောက်ယှဉ်ပြိုင်မှုမရှိကြောင်း တွေ့ရ ပါသည်။ အဆိုပါ ပြိုင်ပွဲတွင် ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ထိုင်းအသင်း (၃)သင်းတို့မှာ မြန်မာ၏အဓိက ပြိုင်ဖက် ဟု သတ်မှတ်နိုင်ပါသည်။ ၂၀၂၅ ခုနှစ် ဩဂုတ်လ (၆) ရက်နေ့တွင် ထုတ်ပြန်ထားသော ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ် FIFA Ranking သတ်မှတ်ချက်အရ အဆိုပါ အသင်းများက မြန်မာထက် အဆင့်ကောင်းနေတာကိုတော့ တွေ့ရပါ သည်။ ဗီယက်နမ်က (၃၇)၊ ဖိလစ်ပိုင် က (၃၉)၊ ထိုင်းက (၅၃)နှင့် မြန်မာက (၅၆) ဖြစ်နေတာတွေ့ရပါသည်။ ဘာပြောပြော လက်ရှိ အနေအထားနှင့် မြန်မာအမျိုးသမီးဘောလုံးအသင်းကို မြန်မာ တစ်နိုင်ငံလုံးကဆုဖလားပိုက်ပြီး အိမ်ပြန်လာတာမြင်ချင်နေကြပါပြီ။

အားကစားချစ်သူ ပြည်သူတစ်ချို့က ပြောဖူးတာမှတ်မိသည်။ SEA Games သွားပြိုင်ရင် ကျနဲတဲ့အားကစားနည်း ရွှေမရချင်နေ ဘောလုံးက ကျားရောမရောသာ ဖလားရလာရင် ကျေနပ်ပြီလို့

စာမျက်နှာ ၂၄ သို့ ►

စာမျက်နှာ ၂၃ မှအဆက် ►

ဆိုကာ အမျိုးသားအားကစားနည်းဟုခံယူထားသည့် ဘောလုံးအားကစားကို မက်မက်မောမော မြတ်နိုးသမှုနှင့် ပြောကြတာကြားဖူးပါသည်။

အခုလည်း လာမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ အောင်မြင်မှုရရှိရေးအတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဦးဆောင်လျက် စခန်းဝင်လက်ရွေးစင် အားကစားသမားများ ပုံမှန်လေ့ကျင့်မှု၊ ပြိုင်ပွဲပုံစံဖြင့် စံချိန်ယှဉ်ပြိုင်မှုများကို နေ့စဉ်လှည့်လည်ကြည့်ရှုအားပေးကာ အားကစားသမားများ၊ နည်းပြများ၏လိုအပ်ချက်များကို အခါမလပ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိတာ မျက်မြင်သက်သေ သတင်းအထောက်အထားများက အခိုင်အမာပင်ဖြစ်သည်။ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးသည်လည်း ကချင်တိုင်းရင်းသား၊ ခရစ်ယာန် ဘာသာဝင်ပေမည့် ဗုဒ္ဓဘာသာတရားအကြောင်းကို နားလည်သည်။ မိန့်ခွန်းပြောလျှင် တရားအကြောင်းကလေးတွေ ကြားညှပ်ပြောတတ်သည်။

သူ့နေရာတွင် တော်ရုံသူ လုပ်နိုင်မည်မထင်၊ စကားအေးအေးကလေးပြောတတ်ပေသည့် သူ့ရင်ထဲ သူကွပ်ကဲရသော ပြိုင်ပွဲအတွက် သောကအပူမီးတွေ ရှိနေပေမည်။ ယခင်ဝန်ကြီး လက်ထက်ပြီးခဲ့သည့် ကမ္ဘောဒီးယား (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ အားကစားနည်း ၁၉ မျိုး သွားပြိုင်ခဲ့ကာ ရွှေ (၂၁) ဆု၊ ငွေ (၂၅) ဆု၊ ကြေး (၆၈) ဆု ဆွတ်ခူးခဲ့သည်။ နိုင်ငံတော်ကလည်း အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများအတွက် ဆုကြေးငွေပေါင်း ၃၃၃၃,၀၀၀၀ ကျပ် (ကျပ်သိန်းပေါင်း သုံးထောင့် သုံးရာသုံးဆယ့်သုံးတိတိ) ချီးမြှင့်ခဲ့သည်။ ယခုသူ့လက်ထက် အားကစားနည်းက (၃၉)မျိုး ဝင်ရောက်ယှဉ်ပြိုင်ရန်(ကနေ့ထိ) စီမံထားရာ မနှစ်ကထက် အဓိကရွှေတံဆိပ် ပိုမိုရရှိစေရေး သူ့ခေါင်းထဲမှာ ဘက်စုံထောင့်စုံ စီမံရင်းဘယ်အားကစားနည်းက ဘာဆု၊ အရည်အတွက် ဘယ်လောက်စသဖြင့် အိပ်ယာဝင်ချိန်တွင်ပင် လက်ချိုးကာ တွက်ချက်နေပေလိမ့်မည်။

ပြီးခဲ့သည့် ၂၅.၁၀.၂၀၂၅ ရက်နေ့က ကျင်းပခဲ့သော ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၂၅) နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို တက်ရောက်အားပေးချီးမြှင့်ဖို့ရာ နေပြည်တော်မှ ကတိုက်ကရိုက်ထွက်ခွာရသည့် အချိန်အပိုင်းအခြားအတွင်းမှာပင်သူ့ခေါင်းထဲ အချိန်အပြည့်ရှိနေသည့် 33rd SEA Games အတွက် ရန်ကုန်မြို့တွင် စခန်းဝင်လေ့ကျင့်နေသော အားကစားအဖွဲ့များဖြစ်သည့် Teqball အားကစား၊ ခြင်းလုံး event 3 အားကစား၊ ပန်ကြပ်ဆီလပ် အားကစား၊ ဘိလိယက်နှင့်စနူကာ အားကစားနည်းတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့ပါသည်။ အားပေးသည်ဆိုတာက ကြည့်ရှု ရုံသက်သက်မဟုတ် ဥပမာ – Teqball အားကစားနည်းဆိုပါက မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်မှစတင်ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်တဲ့အပြင် အဖွဲ့ချုပ်မှာလည်း အသစ်ဖွဲ့စည်းထားသည်ဖြစ်သည့်အတွက် ပြည်ပမှာလေ့ကျင့်မှုတင်သာမက ပြည်ပပြိုင်ပွဲကစားသည့် အတွေ့အကြုံရဖို့ ခွင့်ပြုစီစဉ်ပေးခဲ့မှုအပေါ် အဖွဲ့ချုပ်ကလည်း ထိုင်းနိုင်ငံမှာ ပူးတွဲလေ့ကျင့်ရန် (Joint Training) သွားရောက်လေ့ကျင့်ခဲ့မှု၊ အဆိုပါကာလအတွင်း အိမ်ရှင်က ကျင်းပသည့် “Teqball Tour 2025” ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုကိုပါ Video Clip နှင့် အသေးစိတ်ရှင်းလင်းပြသ၍ တင်ပြမှုများကို စိတ်ရှည်စွာနားထောင်လျက် လိုအပ်ချက်များကို အကြံပြုဖြည့်စွက်ပြောကြားခြင်း၊ လေ့ကျင့်နည်းကအစ နည်းပြကိုတစ်မျိုး၊ အားကစားသမားကိုတစ်ဖုံ အသေးစိတ်မှာကြားမှုအတွက် အချိန်ပေး၍ အားစိုက် ဂရုပြု ဆောင်ရွက်ခဲ့ရသလို ခြင်းလုံး Event 3 ဆိုလျှင်လည်း ကစားသမားများ ခတ်ကစားမှုကို ဂရုတစိုက်ကြည့်ရှုအားပေးပြီး မိမိရိုးရာအားကစားနည်းဖြစ်၍ ဆုတံဆိပ်မလွတ်စေရေး အားကစားသမား၊ နည်းပြများကို နှုတ်ဖြင့်အားပေး၊ လက်ဖြင့်လည်း ချီးမြှင့်ထောက်ပံ့ငွေပေးအပ်တာတွေကို တွေ့ရှိရပါတယ်။ ပန်ကြပ်ဆီလပ် အားကစားနည်းဆိုလျှင်လည်း တစ်ကိုယ်တော် အလှပြနှင့်အတိုက်ပြိုင်ပွဲများ၊ အတွဲလိုက်အပြပြိုင်ပွဲများပါဝင်၍ အချိန်ပေးကြည့်ရှုအားပေး ကာပြိုင်ပွဲကာလနီးကပ်လာချိန်တွင် အထူးသဖြင့် အတိုက်အားကစားသမားများ ထိခိုက်ဒဏ်ရာမရအောင် ဂရုစိုက်ဖို့ တဖွဖွ မှာကြားပြီး အားကစားအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများ ပေးအပ်တာလည်းတွေ့ရပါသည်။ ထို့အတူ ရွှေတံဆိပ်အလားအလာကောင်းသော ဘိလိယက်နှင့်စနူကာ အားကစားဆိုလျှင်လည်း အဆိုပါနေ့က လက်ရွေးစင်အချင်းချင်း လက်ရည်စမ်း ပြိုင်ပွဲများ ရှိနေ၍ စိတ်ရှည်လက်ရှည်နှင့် ပြိုင်ပွဲပြီးသည်အထိ ကြည့်ရှုအားပေးပြီး အားကစားသမားများကို မိတ်ဆွေရင်းချာလို နှုတ်ဆက်၊ လိုအပ်တဲ့အကြံဉာဏ်များပေးကာ ချီးမြှင့်ငွေများ ပေးအပ်တာကိုလည်း တွေ့ရပါတယ်။

အဆိုပါနေ့ ညနေပိုင်းတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အထက်ကတင်ပြခဲ့သော တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် (ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက) ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အမှုဆောင်များ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာနမှတာဝန်ရှိသူများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးတာတွေ့ရပါတယ်။ ဘောလုံးပြိုင်ပွဲမတိုင်မီ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွေမှာ လိုက်လံကြည့်ရှုစစ်ဆေးအားပေးခြင်းနှင့် ချီးမြှင့်ငွေပေးအပ်ခြင်းပြုခဲ့သော အားကစားနည်း (၄)မျိုးသည် ပြိုင်ပွဲတွင် နိုင်ငံတော်အတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ပေါင်း (၁၀) ဆုထက်မနည်း ရရှိနိုင်မည့် အားကစားနည်းများဖြစ်တာ ကျွန်တော်ခန့်မှန်းမိပါသည်။

ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဟာ မိမိ၏မူလဝန်ကြီးဌာနလုပ်ငန်းတာဝန်များအပြင် တစ်ဖက်ကလည်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများလည်းရှိနေသလို သမိုင်းတစ်ခေတ်ကျန်ရစ်ခဲ့မည့် 33rd SEA Games အားကစားပြိုင်ပွဲကလည်း တာဝန်ကြီးတစ်ရပ်အဖြစ် တာဝန်ယူဆောင်ရွက်နေရသည်ဖြစ်၍ သာမန်ပုဂ္ဂိုလ်မျိုးက တာဝန်ကျေအောင်ဆောင်ရွက်ဖို့ အင်မတန်ခက်ခဲပြီး ပြည်ထောင်စု ဝန်ကြီးကို ယုံယုံကြည်ကြည်တာဝန်ပေးအပ်သော နိုင်ငံတော်အကြီးအကဲများကို လေးစားမိပါသည်။ ဝန်ကြီးဌာနများအနက် ကျွန်တော်တို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို တိုင်းတစ်ပါးမြေတွင် အလံတိုင်ထိပ်ရောက်အောင် စွမ်းဆောင်နိုင်စွမ်းသော တစ်ခုတည်းသော ဝန်ကြီးဌာနဖြစ်သည့်အတွက် အားကစားလက်ရွေးစင်တစ်ယောက်မဖြစ်ခဲ့ဖူးသော်လည်း ကျွန်တော့အနေဖြင့် ဤဌာန၏ဝန်ထမ်းဖြစ်ရသည်ကို ဂုဏ်ယူမိပါသည်။

နိဂုံးချုပ်အနေဖြင့် မိမိလေးစားရသော ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကိုယ်တိုင်ကိုယ့်မိသားစုကဲ့သို့ ရင်အုပ်မကွာ အနီးကပ်စောင့်ရှောက် ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိသော 33rd SEA Games ပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ ထိုင်းမြေတွင် မြန်မာနိုင်ငံတော်အလံကို အကြိမ်ပေါင်း ၂၀ ထက်မနည်း ၂၅ ကြိမ်ထက်မက လွှင့်ထူနိုင်ပါစေကြောင်း အားကစားဝန်ထမ်းတစ်ဦးအနေနှင့် ရိုးရှင်းစွာ ဆုတောင်းလိုက်ရပါသည်။

# နိုင်ငံတော်၏အနာဂတ်ကို အားကစားဖြင့် ဖော်ဆောင်ကြပါစို့

အောင်သူ

နိုင်ငံတစ်နိုင်ငံ၏အနာဂတ်သည် ယနေ့ခေတ်လူငယ်များ၏ ပခုံးပေါ်တွင် တည်ရှိနေသည်ဆိုသောစကားသည် ပြောစမှတ်ပြုလောက်အောင် ရေးကျသော အဆိုအမိန့်တစ်ခုဖြစ်ပါသည်။ လူငယ်များသည် ဖွံ့ လုံ့လ၊ ဆန်းသစ်တီထွင်မှု၊ ပြောင်းလဲလိုစိတ်နှင့် အနာဂတ်ကို ပုံဖော်နိုင်သည့် စွမ်းအားများ ပိုင်ဆိုင်ထားကြသည်။ သူတို့၏စွမ်းရည် ထက်မြက်မှုနှင့် ဖြူစင်သောစိတ်ဓာတ်များသည် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖိုးမဖြတ်နိုင်သော အရင်းအမြစ်များပင်ဖြစ်ပါသည်။ သို့ရာတွင်တက်ကြွသော လူငယ်များ၏စွမ်းအားကို မှန်ကန်သော လမ်းကြောင်းဖြင့် ညွှန်ကြားပေးရန် လိုအပ်ပါသည်။ ထိုသို့ညွှန်ကြားရာတွင် အထိရောက်ဆုံးနှင့် အလှပဆုံးသော လက်နက်ကောင်းတစ်ခုမှာ အားကစားပင်ဖြစ်သည်။

အားကစား၏ကောင်းကျိုးများနှင့် အားကစားမှတစ်ဆင့် စွမ်းရည်ထက်မြက်သော လူငယ်များမွေးထုတ်ပေးရေးလမ်းစဉ်ကို လေ့လာသုံးသပ်သွားမည်ဖြစ်ပါသည်။

## လူငယ်များ၏ တန်ဖိုးနှင့် နိုင်ငံတော်၏ မျှော်လင့်ချက်

လူငယ်တစ်ဦးသည် မိမိကိုယ်ကို ယုံကြည်မှု၊ အနာဂတ်အတွက် ရည်မှန်းချက်နှင့် လက်ရှိအခြေအနေကို ပြောင်းလဲပစ်နိုင်သည့် စွမ်းရည်များ ပိုင်ဆိုင်ထားသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာဆန်းသစ်မှုနှင့် လူမှုအသိုင်းအဝိုင်း ကောင်းမွန်ရေးတို့အတွက် လူငယ်များ၏ ပါဝင်ကူညီမှုသည် မရှိမဖြစ်လိုအပ်သည်။ နိုင်ငံတော်အနေဖြင့် ဤလူငယ်များ လမ်းကြောင်းမှန်ကန်စွာ ကြီးပြင်းလာစေရန်၊ ပညာဉာဏ် ဗဟုသုတပြည့်ဝစေရန်နှင့် ကျန်းမာသန်စွမ်းသော ကိုယ်ခန္ဓာနှင့် စိတ်ဓာတ်များ ပိုင်ဆိုင်စေရန်အတွက် အခြေခံအဆောက်အအုံများ ဖန်တီးပေးရန် တာဝန်ရှိသည်။ နိုင်ငံတော်၏မျှော်လင့်ချက်သည် လူငယ်တိုင်း မိမိတို့၏ အစွမ်းအစကို အပြည့်အဝအသုံးချနိုင်သည့် လူတော်လူကောင်းများ ဖြစ်လာရေးအတွက် သာမက၊ နိုင်ငံ့ကိစ္စများတွင် ပါဝင်ဆောင်ရွက်နိုင်သည့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော နိုင်ငံသားကောင်းများ ဖြစ်လာရေးအတွက်လည်းဖြစ်သည်။ ဤပန်းတိုင်များ အောင်မြင်ရေးအတွက် အားကစားသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

## ၁။ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး ကောင်းမွန်ခြင်း

အားကစား၏ အထင်ရှားဆုံး အကျိုးကျေးဇူးမှာ ကျန်းမာသန်စွမ်းသောကိုယ်ခန္ဓာကို ဖြစ်ထွန်းစေခြင်းပင်ဖြစ်သည်။

နှလုံးသွေးကြောစနစ် ကောင်းမွန်ခြင်း – ဘောလုံး၊ ဘတ်စကက်ဘော အားကစားနည်းများသည် အဆက်မပြတ် လှုပ်ရှားနေရခြင်းကြောင့် နှလုံးခုန်နှုန်းကိုမြှင့်တင်ပေးပြီး နှလုံးကြွက်သားများကို သန်မာစေသည်။ သွေးလည်ပတ်မှု ကောင်းမွန်ခြင်းက သွေးတိုး၊ နှလုံးရောဂါနှင့် လေဖြတ်ခြင်းကဲ့သို့သော ရောဂါများကို ကာကွယ်ပေးသည်။

ကိုယ်ခံအားစနစ် ကောင်းမွန်ခြင်းနှင့် ရောဂါကာကွယ်ခြင်း– ပုံမှန်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းက ခန္ဓာကိုယ်၏ ကိုယ်ခံအား စနစ်ကို အားကောင်းစေသည်။ အဆီပိုများကိုလောင်ကျွမ်းစေပြီး ကြွက်သားများကို ကျစ်လစ်သန်မာစေကာ အရိုးများသန်မာလာစေသည်။ ထို့ပြင် နေ့စဉ် မိနစ် ၃၀ ခန့် လေ့ကျင့်ခန်းလုပ်ခြင်းဖြင့် အဝလွန်ခြင်း၊ ဆီးချိုနှင့် သွေးတိုးရောဂါတို့ကို ကာကွယ်နိုင်သည်။

## ၂။ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးခြင်း

အားကစားသည် ကိုယ်ခန္ဓာအတွက်သာမက စိတ်ဝိညာဉ်အတွက်လည်း ဆေးဖက်ဝင်ပါသည်။

**စိတ်ဖိစီးမှုလျှော့ချခြင်း** – အားကစားလုပ်နေစဉ်အတွင်း ဦးနှောက်မှ အန်ဒေါ်ဖင်း (endorphins) ဟုခေါ်သော ပျော်ရွှင်မှုဟော်မုန်းများ ထွက်ရှိလာပြီး စိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှုနှင့် စိတ်ဓာတ်ကျဆင်းမှုတို့ကို လျှော့ပါးသက်သာစေသည်။ခေတ်မီလူငယ်များရင်ဆိုင်နေရသော စိတ်ဖိစီးမှုများကို အားကစားကသဘာဝကျကျ ဖြေဖျောက်ပေးနိုင်ခြင်းဖြစ်သည်။

**ဦးနှောက်စွမ်းဆောင်ရည် မြင့်မားခြင်း** – အားကစားပြုလုပ်ခြင်းက ဦးနှောက်သို့ သွေးလှည့်ပတ်မှုကောင်းစေပြီး မှတ်ဉာဏ်စွမ်းအားနှင့် အာရုံစူးစိုက်နိုင်စွမ်းကို တိုးတက်စေသည်။ လန်ဒန်တက္ကသိုလ်၏ လေ့လာချက်အရ ငယ်စဉ်က နေ့စဉ်ခြောက်မိနစ်ခန့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းက သက်လတ်ပိုင်းအရွယ်တွင် ဦးနှောက်စွမ်းအား ပိုမိုကောင်းမွန်စေသည်ဟုဆိုသည်။ အခြေအနေကို ချက်ချင်းဆုံးဖြတ်ရသော အားကစားနည်းများက ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်းနှင့် ပြဿနာဖြေရှင်းနိုင်စွမ်းကို မြှင့်တင်ပေးသည် ။

· **ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတိုးတက်ခြင်း** – အားကစားတစ်ခုခုတွင် ကျွမ်းကျင်လာခြင်း၊ ကိုယ်တိုင်မှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်ခြင်း သို့မဟုတ် အသင်းအတွက် စွမ်းဆောင်နိုင်ခြင်းတို့က လူငယ်တစ်ဦး၏ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှုနှင့် ယုံကြည်မှုကို မြင့်တက်စေသည်။

## အားကစားမှ လူငယ်များကို လေ့ကျင့်ပေးနိုင်မှုများ(ဘဝအတွက် သင်ခန်းစာများ)

အားကစားကွင်းသည် အောင်ပွဲခံခြင်း၏ နေရာတစ်ခုမျှသာမက ဘဝအတွက် အဖိုးမဖြတ်နိုင်သော သင်ခန်းစာများကို သွန်သင်ပေးသော ကျောင်းတစ်ကျောင်းလည်းဖြစ်သည်။

**စည်းကမ်းနှင့် စိတ်ဓာတ်ကြံ့ခိုင်မှု** – အားကစားတစ်ခုတွင် ကျွမ်းကျင်ရန်အတွက်ပုံမှန်လေ့ကျင့်မှု၊စည်းကမ်းရှိမှုနှင့်ဇွဲလုံ့လတို့ လိုအပ်သည်။ "ပြိုင်ပွဲဝင်သူတိုင်းသည် အရာရာ၌ ကိုယ်ကိုချုပ်တည်းတတ်၏" ဟူသော ဆိုရိုးစကားအတိုင်း အားကစားသည် လူငယ်များကို မိမိကိုယ်ကို ထိန်းချုပ်တတ်သည့် အလေ့အကျင့်၊ စည်းမျဉ်းစည်းကမ်းကို လေးစားလိုက်နာတတ်သည့် အလေ့အထနှင့် ရှုံးပွဲများမှသင်ခန်းစာယူ၍ ပြန်လည်ရပ်တည်နိုင်သည့် စိတ်ဓာတ်ကြံ့ခိုင်မှုကို ပေးစွမ်းသည်။

**အသင်းအဖွဲ့စိတ်ဓာတ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း** – အသင်းလိုက်ကစားရသောဘောလုံးကဲ့သို့ အားကစားနည်းများက အချင်းချင်းဆက်သွယ်ပြောဆိုတတ်ခြင်း၊ပူးပေါင်းဆောင်ရွက်တတ်ခြင်းနှင့် ဘုံရည်မှန်းချက်တစ်ခုအတွက် အတူလုပ်ဆောင်တတ်ခြင်းတို့ကို သင်ကြားပေးသည်။ ဤအရည်အချင်းများသည် အနာဂတ်လုပ်ငန်းခွင်နှင့်လူမှုအသိုင်းအဝိုင်းအတွက်အလွန်အရေးပါသည်။

**ခေါင်းဆောင်မှုနှင့်တာဝန်ယူမှု**–အသင်းခေါင်းဆောင်(သို့)အသင်းသားတစ်ဦးအနေဖြင့် တာဝန်များကိုထမ်းဆောင်ခြင်း၊ ခက်ခဲသောအခြေအနေများတွင် ဆုံးဖြတ်ချက်များချမှတ်ခြင်းတို့က ခေါင်းဆောင်မှု အရည်အသွေးများကို မွေးမြူပေးသည်။

**လူမှုဆက်ဆံရေးကောင်းမွန်ခြင်း** – အားကစားသည် လူအမျိုးမျိုးကို ဆက်သွယ်ပေးနိုင်သော တံတားတစ်စင်းဖြစ်သည်။ အားကစားပြုလုပ်ခြင်းဖြင့် မိတ်ဆွေသစ်များရရှိခြင်း၊ စိတ်တူကိုယ်တူသူများနှင့် တွေ့ဆုံခြင်းက လူငယ်တစ်ဦး၏ လူမှုကွန်ရက် ကျယ်ပြန့်လာစေပြီး လူမှုဆက်ဆံရေးစွမ်းရည်ကို မြှင့်တင်ပေးသည်။

## စွမ်းရည်ထက်မြက်သော လူငယ်များဖြင့် အနာဂတ်နိုင်ငံတော် တည်ဆောက်ရေး

ဖော်ပြပါ အားကစားမှတစ်ဆင့် မွေးထုတ်ပေးလိုက်သော အရည်အသွေးကောင်းများသည် အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်များ ဖြစ်လာသည်။ ဤလူငယ်များသည် နိုင်ငံ၏စီးပွားရေး လုပ်ငန်းများကို ဦးဆောင်နိုင်သူများ၊ နည်းပညာအသစ်အဆန်း များကို တီထွင်ဖန်တီးနိုင်သူများ၊ လူမှုအသိုင်းအဝိုင်း

စာမျက်နှာ ၂၁ သို့ ►

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ အားကစားနှင့်ကာယပညာသိပ္ပံကျောင်း တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ကိုးသိန်းအားကစားကွင်းနှင့် အဆင့်မြင့်ရေကူးကန်သို့ သွားရောက်ကြည့်ရှုစစ်ဆေး





နေပြည်တော်၊ ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့သို့ ရောက်ရှိလာရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူတို့က သွားရောက်ကြိုဆိုခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လူမှုရေးရာဝန်ကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ အားကစားနှင့်ကာယပညာသိပ္ပံကျောင်း တည်ဆောက်ရေးလုပ်ငန်းများ ဖြစ်သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု မူလ ခွင့်ပြုရန်ပုံငွေ ဖြင့် တည်ဆောက်လျက်ရှိသည့် ပေ(၁၃၆ x ၄၄) (၁၀) ခန်းတွဲ (RC)သုံးထပ် သင်တန်းသားအိပ်ဆောင် တည်ဆောက်ခြင်း လုပ်ငန်းနှင့် 315 KVA Transformer, 11 KVA, 0.4 Line မီးလိုင်းတပ်ဆင် ဆောင်ရွက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုမူလခွင့်ပြု ရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ကျောင်းအဝင်မုဒ်ဦး၊ အုတ်တံတိုင်း၊ ပေ(၁၃၀၀ x ၇)နှင့် ပေ(၅၇၃၉ x ၇) ခြံစည်းရိုးကာရံခြင်း လုပ်ငန်း၊ ပေ(၁၂၀ x ၉၀) မိုးလုံလေလုံ အားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ လျှာထိုးကြမ်းခင်း ခင်းခြင်းလုပ်ငန်း၊ PA System Apron & Drain အတွင်းရေ၊ မီး၊ မိလ္လာအပါ တည်ဆောက်ပြီးစီးမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရန်၊ ရေရှည်တည်တံ့စေရေးအတွက် အရည်အသွေးကောင်းမွန်သည့်ပစ္စည်းများ အသုံးပြု၍ တည်ဆောက်သွားရန်အတွက် စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(ပုသိမ်) အမြန်ဆုံး ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီးတိုင်း၊ ခရိုင်၊ မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနများနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်၊ ကျင့်ဝတ်အပါး (၃၀) နှင့်အညီ ဝန်ကြီးဌာနမှ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားကြရန်လိုကြောင်း၊ ရုံးလုပ်ငန်းဆိုင်ရာအခက်အခဲများ၊ မိသားစုအခက်အခဲများနှင့် ကိုယ်ရေးကိုယ်တာ အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့်သတင်းပို့တင်ပြနိုင်ကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်များ၊ မူဝါဒများ၊ လုပ်ငန်းတာဝန်များဖြစ်သည့် အားကစားကဏ္ဍနှင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားခဲ့ပြီး ဝန်ထမ်းများ၏ တင်ပြချက်များနှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းသို့သွားရောက်၍ ဘောလုံးကွင်းမြက်ခင်း စိမ်းလန်းစိုပြည်စေရေးအတွက် မြက်ကြမ်းများ ရှင်းလင်းဖယ်ရှားသွားရန်နှင့် သန့်ရှင်းသာယာလှပစေရေးအတွက် သန့်ရှင်းရေးများ ပုံမှန်ပြုလုပ်၍ ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု မူလခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ပုသိမ်မြို့ အဆင့်မြင့်ရေကူးကန်အတွင်းရှိ မီတာ(၅၀) ရေကူးကန်၊ ဒိုင်ဗင်ကန်တည်ဆောက်ထားရှိမှုနှင့် နွေရာသီရေကူးသင်တန်းဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေကူးကန်အား သတ်မှတ် အချိုးအစားအတိုင်း ဆေးခပ်ခြင်း၊ ရေသန့်စင်ခြင်းလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်၍ ရေကူးကန် ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရေကူးအားကစားနည်းသည် အိုလံပစ်အားကစားနည်းဖြစ်သည့်အတွက် ရေကူးမျိုးဆက်သစ်အားကစားသမားများ ရရှိစေရန် နွေရာသီရေကူးသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးသွားရန်လိုကြောင်း တာဝန်ရှိသူများကိုမှာကြားခဲ့ကြောင်း သိရသည်။